# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၂၅၅) ၊ ၁၃၈၆ ခုနှစ် ၊ ဝါခေါင်လဆန်း ၁၂ ရက် ၊ ၁၆–၈–၂၀၂၄ ၊ သောကြာနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) **(မဓမ္မပဒ)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့ ပူးပေါင်း၍ သိပ္ပံပွဲတော်၂၀၂၄ ကျင်းပ



နေပြည်တော် ဩဂုတ် ၁၅

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင် အဏုမြူစွမ်းအင် ကော်ပိုရေးရှင်း "ROSATOM" နှင့် သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် သိပ္ပံပွဲတော် ၂၀၂၄ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် ချူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာများ၌ ကျင်းပသည်။

အခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး **စာမျက်နှာ ၃ သို့** ❖

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင် အဏုမြူစွမ်းအင် ကော်ပိုရေးရှင်း "ROSATOM" နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် သိပ္ပံပွဲတော် ၂၀၂၄ တွင် အခြေခံပညာ ကျောင်းသား ကျောင်းသူများ ချူကလီးယားနှင့် သိပ္ပံပညာဆိုင်ရာ ဥဏ်စမ်းဂိမ်းများ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

## ယနေ့ ဖတ်စရာ အညွှန်း


ကမ္ဘာလုံးဆိုင်ရာ အရေးပေါ်အခြေအနေအဖြစ် မျောက်ကျောက်ရောဂါကို သတ်မှတ်ကြေညာ — စာမျက်နှာ ၈

ဘရူနိုင်ဖာနန်ဒက်ဇ် မန်ချက်စတာယူနိုက်တက်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို — စာမျက်နှာ ၁၁

ဝါခေါင်လမှာ ရွှေမေတ္တာ ပွားများနေကြပါ (ဆောင်းပါး) — စာမျက်နှာ ၁၇


## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

(၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၅ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရှမ်းပြည်နယ်တွင် မိုးပိုနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဧလ**

o–o–o–o–o

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၆ ရက်၊ သောကြာနေ့။
မန္တလေး

## လောကီ၊ လောကုတ္တရာနှစ်ဖြာလုံးအတွက် အရေးကြီးသော သတိတရား

လူ့ဘဝတွင် အောင်မြင်လိုသူဖြစ်စေ၊ ပညာရှာလိုသူဖြစ်စေ၊ ဥစ္စာငွေကြေးရှာလိုသူဖြစ်စေ၊ စား၊ သောက်၊ သွား၊ လာ၊ နေထိုင်ပြောဆိုရာ၌ အရာရာဆင်ခြင်သတိအမြဲရှိရမည်ဖြစ်သည်။ သတိရှိသူသည် အလွဲ၊ အမှားကင်းမည်ဖြစ်သည်။ လိုရာကိစ္စအဝဝနှင့် လိုရာခရီးအပြီးတိုင် ဆောင်ရွက်လျှောက်လှမ်းနိုင်မည်ဖြစ်သည်။ “စကားတို့၏အချုပ်သည် ကတိ” “တရားတို့အချုပ်သည် သတိ”ဟူ၍ ဆိုခဲ့ဖူးသည်။ လူသားတို့အတွက် သာမန်ကိစ္စကိုမဆိုထားနှင့် လောကုတ္တရာ၏ အကျိုးအတွက် အကြောင်းခံတရားများကိုပင် သတိက ထိန်းချုပ်ပေးနိုင်ကြောင်း ထင်ရှားပါသည်။ သတိသည်ကား ပိုသည်ဟူ၍ ဘယ်အခါမှ မရှိပါ။ သတိလျော့နည်း၍ သာလျှင် အခက်အခဲ၊ ပြဿနာ၊ ဆိုးကျိုးများနှင့်သာ ရင်ဆိုင်တွေ့ကြုံ ကြရမည်ဖြစ်သည်။ ထိုသို့သော လောကီ၊ လောကုတ္တရာ နှစ်ဖြာလုံးအတွက် အရေးကြီးသော သတိတရားကို တိုးတက်ကြီးပွားလိုသူတိုင်း၊ ပြည့်စုံအောင်မြင်လိုသူတိုင်း၊ တရားဘာဝနာရှာဖွေလိုသူတိုင်း သတိကို လက်ကိုင်ထားရမည်ဖြစ်သည်။

ထို့ပြင် သတိတရားသည် အချိန်တိုင်း၊ နေရာတိုင်း၊ ဆောင်ရွက်ရမည့်ကိစ္စအဝဝ၌ ပိုသည်ဟူ၍မရှိပါ။ သတိကို လက်ကိုင်ထားရန် ဆရာတော်ကြီးများ၊ ပညာရှင်များကလည်း ဆိုရိုးစကားများဖြင့် ညွှန်ကြားဆုံးမခဲ့ကြသည်။ “သတိမမူ ဂူမမြင်၊ သတိမူလျှင် မြူပင်မြင်သည်”ဟူသော စကားကို ကြည့်လျှင် သတိတရား၏ သဘောကို သိနိုင်ပါသည်။ သတိတရားမရှိပါက ဂူကိုပင်မမြင်မိ၊ အမှတ်မဲ့ဖြစ်တတ်သည်။ သတိရှိသူကား ကြီးမားသောထုထည်ရှိသည့် ဂူကို မဆိုထားဘိ သေးငယ်လှသောမြူမှုန်ကိုပင် မြင်နိုင်သည်ဟု ဆိုထားပေရာ သတိတရား၏ သဘောနှင့် အကျိုးကို သိမြင်စေမည်ဖြစ်သည်။

လူသားတိုင်း စားဝတ်နေရေးအတွက် အလုပ်လုပ်နေကြရသည်။ ထိုသို့ နိစ္စဓူဝဘဝထဲ၌ အဆင်ပြေအောင်မြင်မှုရရှိရေးအတွက် ကံ၊ ဉာဏ်၊ ဝီရိယ၊ သတိတို့ကို အားပြုဆောင်ရွက်ကြရသည်။ ကံ၊ ဉာဏ်နှင့် ကြိုးစားခြင်းဟူသော လုံ့လဝီရိယသည် ဘဝအောင်မြင်တိုးတက်မှု၏ အခြေခံအကြောင်းအရင်းဖြစ်သည်ဟု ဆိုကြသည်။

သတိတရားနှင့် ဉာဏ်ပညာတို့သည် လောက၏ လမ်းပြ ဘဝ၏ ရှေ့ဆောင်၊ အောင်မြင်မှု၏ ဓာတ်မြစ်ဖြစ်ပြီး အမြဲထာဝရဒွန်တွဲလျက်ရှိသည်။ “သတိတမံ ဉာဏ်မြေကတုတ် ပညာစွမ်းချွန်းကဲ့သို့အုပ်”ဟူသော ဆိုရိုးဖြင့် ထင်ရှားစေပါသည်။ နေ့စဉ်၊ နေထိုင်သွားလာ၊ စားသောက်ရာ၌လည်း သတိတရားလက်ကိုင်ထားရန်၊ “အစားမတော်တစ်လုပ်၊ အသွားမတော်တစ်လှမ်း၊ နေ့ပြောနောက်ကြည့်၊ ညပြောအောက်ကြည့်”စသည့် ဆိုရိုးစကားပုံများဖြင့် မီးမောင်းထိုးပြထားပါသည်။

လောကတွင် သတိမမူ အလေးမထားပေါ့ဆမှုများကြောင့် မီးလောင်မှုများ၊ ယာဉ်တိုက်မှုများသည် အသက်အိုးအိမ်များ ဆုံးရှုံးမှုများအထိ ဖြစ်ခဲ့သည့် သာဓကများကို တင်ပြရလျှင် ကုန်မည်မထင်ပါ။ အစစအရာရာ သတိရှိဖို့ လိုအပ်မည်ဖြစ်သည်။

သို့ဖြစ်ရာ လူသားတိုင်း အစစအရာရာ သတိတရားလက်ကိုင်ထားမှသာ အမှားကင်းပြီး လောကီလူ့ဘဝမှ လောကုတ္တရာ နိဗ္ဗာန်သို့တိုင်အောင် ကောင်းကျိုးအဖြာဖြာပြည့်စုံစွာဖြင့် ကျင့်ကြံတက်လှမ်းနိုင်ကြမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## (၇၈)ကြိမ်မြောက် အိန္ဒိယသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနား မန္တလေးမြို့တွင် ကျင်းပ



**မန္တလေး ဩဂုတ် ၁၅**

(၇၈)ကြိမ်မြောက် အိန္ဒိယသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အလံတင် အခမ်းအနားကို မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၆၅ လမ်းရှိ အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးတွင် ယနေ့ နံနက် ၈ နာရီခွဲက ကျင်းပခဲ့သည်။

အဆိုပါ အထိမ်းအမှတ် အခမ်းအနားသို့ မန္တလေးမြို့အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ် H.E.Mr Sundeep kaushal နှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့မှ အိန္ဒိယနွယ်ဖွား မိတ်ဆွေကုန်သည်ကြီးများ၊ ဖိတ်ကြားထားသူများ၊ အိန္ဒိယရိုးရာယဉ်ကျေးမှု အဆို၊ အကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အိန္ဒိယကောင်စစ်ဝန်ချုပ် H.E.Mr Sundeep kaushal က နိုင်ငံတော်အလံအား တိုင်ထိပ်သို့ လွှင့်ထူအလေးပြု၍ တက်ရောက်လာကြသူများနှင့်အတူ နိုင်ငံတော်သီချင်းကို ဂုဏ်ပြုသီဆိုကြသည်။

ဆက်လက်၍ အိန္ဒိယကောင်စစ်ဝန်ချုပ်က အိန္ဒိယနိုင်ငံ သမ္မတကြီးထံမှ ပေးပို့သော သဝဏ်လွှာအား ဖတ်ကြားပြီး ယဉ်ကျေးမှု အဆို၊ အကအဖွဲ့ဝင်တို့က ဇာတိမာန် တေးသီချင်းနှင့် ရိုးရာအက၊ အလှတို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ထို့နောက် ကောင်စစ်ဝန်ချုပ်က သီဆိုကပြဖျော်ဖြေခဲ့ကြသည့် ယဉ်ကျေးမှုအဖွဲ့တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကာ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး နေ့လယ်စာ အိန္ဒိယအစားအစာဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၀၄၀)

## မြန်မာ့ရိုးရာလက်ဝှေ့ လက်ဝှေ့ရေးပြပွဲ ပြိုင်ပွဲနှင့် မျိုးဆက်သစ်ရိုးရာလက်ဝှေ့ပြိုင်ပွဲများ မန္တလေးမြို့တွင် ကျင်းပမည်

**မန္တလေး ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီး မြန်မာ့ရိုးရာလက်ဝှေ့ဆပ်ကော်မတီက စီစဉ်သည့် မြန်မာ့ရိုးရာလက်ဝှေ့ လက်ဝှေ့ရေးပြပွဲပြိုင်ပွဲနှင့် မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ လက်ဝှေ့ပြိုင်ပွဲများကို ဩဂုတ် ၁၉ ရက် နံနက် ၁၀ နာရီခွဲတွင် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၆၈ လမ်း၊ ၁၀၆ လမ်းနှင့် ၁၀၇ လမ်းကြားရှိ မန္တလာသီရိအားကစားကွင်း လက်ဝှေ့ရုံတွင် ကျင်းပမည်ဖြစ်သည်။

မျိုးဆက်သစ်ပြိုင်ပွဲ ၂ ချီပွဲ နှင့် ၃ ချီပွဲ (၁၆)ဆိုင်း ပါဝင်ထိုးသတ်မည်ဟု သိရသည်။

၃ မိနစ်ထိုး ၂ မိနစ်နား ၂ ချီစိန်ခေါ်ပြိုင်ပွဲများတွင် ရှင်မင်းခန့်(မဟာဓကေရာဇ်)နှင့် လှသိန်းဦး(စိန်နန်းတော်)၊ အာရုဏ်ခွန်(ကျည်ဆန်နဂါး)နှင့် အောင်ကျော်ဇော(ဘာမထီ)၊ ရှင်းခန့်အောင်(မဟာဓကေရာဇ်)နှင့် ကိုကိုအောင်(စိန်နန်းတော်)၊ ရဲရင့်အောင်(ကင်း-ဘန်ဒို)နှင့် ကြည်မင်းသန့်(ဘာမထီ)၊ ရဝေအောင်(မဟာဓကေရာဇ်)နှင့် နန်းတိကျော်(စိန်နန်းတော်)၊ သိန်းထက်ပိုင်(ဘာမထီ)နှင့် ကျားနက်(ကျားရဲ)၊ နဂါးလေး(မဟာဓကေရာဇ်)နှင့် ဟိန်းမင်းခန့်(ရိုးရာမာန်)၊ လင်းခန့်မောင်(မဟာဓကေရာဇ်)နှင့် တောဝက်(ကျည်ဆန်နဂါး)၊ ရန်နိုင်ထွန်း(မဟာဓကေရာဇ်)နှင့် ဇော်ထက်မာန်(ရိုးရာမာန်)၊ နန်းလူငယ်(UMC)နှင့် သဲမောင်(ဘလက်အီးဂဲလ်)၊ ဒေါက်တာကြီး (ဘလက်အီးဂဲလ်)နှင့် ရှင်းခန့်အောင်(ကင်း-ဘန်ဒို)၊ ၃ ချီ လက်ရည်စစ်ပွဲများတွင် နန်းသူရ(ညီနန်းတော်)နှင့် မြတ်မင်းသူ(ရိုးရာမာန်)၊ ဇော်ဝင်းအောင်(ဘာမထီ)နှင့် ကျော်ဇင်မောင်(ကင်း-ဘန်ဒို)၊ ကောင်းသန့် (ညီနန်းတော်)နှင့် ဇာမဏီ(ဆုထူးပန်)၊ တေဇာလင်း(ရိုးရာကျား)နှင့် ထွန်းမြင့်ဝင်း(ဘာမထီ)၊ မြနန်းအောင်(UMC)နှင့် ကြက်ဖကြီး (အမရပူရ)တို့ တွဲဆိုင်းများပါဝင်ထိုးသတ်မည်ဖြစ်သည်။

မြန်မာ့ရိုးရာလက်ဝှေ့မြှင့်တင်ရေးနှင့် မျိုးဆက်သစ်အားကစားသမားပေါ်ထွက်လာရေး ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။ ရုံးဝင်ကြေးအခမဲ့ ဖြစ်သည်ဟုလည်း သိရသည်။

(၀၅၀)

၀-၀-၀-၀-၀

## ဆင်ပေါင်ဝဲမြို့၌ စားသုံးဆီအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး



**ဆင်ပေါင်ဝဲ ဩဂုတ် ၁၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် ပြည်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်စေရေးအတွက် ယနေ့ နံနက် ၇ နာရီက မြို့မဈေးအပြင်ရှိ မိဘဂုဏ်ဆီစက်နှင့် သီးနှံစုံရောင်းဝယ်ရေး ကုန်စုံဆိုင်၌ ရောင်းချပေးလျက်ရှိသည်။

အဆိုပါ စားသောက်ကုန်များကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန်အတွက် ဆင်ပေါင်ဝဲမြို့၌ ရပ်ကွက်(၃)ရပ်ကွက်ရှိပြီး ယခုအခါ အမှတ်(၁)ရပ်ကွက်တွင် နေထိုင်လျက်ရှိသော ပြည်သူများကို အိမ်ထောင်စုတစ်စုလျှင် တစ်ပိဿာနှုန်းဖြင့် ကာလပေါက်ဈေးထက် ဈေးနှုန်းလျှော့ချကာ စားသုံးဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၆၀၀ ဖြင့် ရောင်းချပေးခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ပူးပေါင်းကြီးကြပ်၍ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ယာပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper @gmail.com မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီ၏ ပဥ္စမအကြိမ်အစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၅**

အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီ၏ ပဥ္စမအကြိမ်အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ-၁ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဥက္ကဋ္ဌ-၂ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် အဖွဲ့ဝင်များ၊ အထောက်အကူပြုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌများနှင့် ဥပဒေရေးဆွဲရေးအဖွဲ့ငယ် အဖွဲ့ခေါင်းဆောင်များ တက်ရောက်ကြသည်။



**အလေးထားဆောင်ရွက်**

အစည်းအဝေးတွင် အမျိုးသားမြေဥပဒေကို ၂၀ဝ၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်စေရေး၊ မြေစီမံခန့်ခွဲခြင်းနှင့် စပ်လျဉ်းသော တည်ဆဲဥပဒေများကို လွှမ်းခြုံသက်ရောက်မှုရှိပြီး ဥပဒေအချင်းချင်း သဟဇာတဖြစ်စေရေးကို အလေးထားဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မြေဥပဒေမူကြမ်းရေးဆွဲရာ၌ ခေတ်ကာလစနစ်နှင့် လိုက်လျောညီထွေ ပြောင်းလဲပြင်ဆင်နိုင်မည့်နည်းလမ်းများ ထည့်သွင်းပြုစုရန်လိုအပ်ပြီး အမျိုးသားမြေအသုံးချမှုကောင်စီက သတ်မှတ်ပေးထားသည့်ကာလ (Timeline)အတွင်း အမျိုးသားမြေဥပဒေမူကြမ်းကို ပြီးစီးအောင်ဆောင်ရွက်နိုင်ရေး အလေးထား လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ အမျိုးသားမြေဥပဒေမူကြမ်း၏ နိဒါန်းအခန်းနှင့် အခန်း(၁)မှ (၈)အထိအား အဖွဲ့ဝင်များ၏ အကြံပြုချက်များအရ ကြိုတင်စိစစ်ထားရှိမှုကို ပဏာမမူကြမ်းအဖြစ် အတည်ပြုနိုင်ရေးအတွက် ကော်မတီဝင်များက အလေးထား ဆွေးနွေးဆုံးဖြတ်ရန်ဖြစ်ကြောင်း၊ ဥပဒေမူကြမ်း၏ ကျန်ရှိသော အခန်း(၉)မှ (၁၆) အထိကို နောက်တစ်ကြိမ် အစည်းအဝေးတွင် စတင်ဆွေးနွေးနိုင်ရေးအတွက် လျာထားသတ်မှတ်ထားကြောင်း သိရသည်။

သတင်းစဉ်

---

❖ ရှေ့ဖုံးမှ

ဒေါက်တာအောင်ဇေယျ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Iskander Azizov နှင့် တာဝန်ရှိသူများ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က အဖွင့်အမှာစကား ပြောကြားပြီး ရုရှားနိုင်ငံသံအမတ်ကြီး H.E.Mr. Iskander Azizov က ဂုဏ်ပြုအမှာစကား ပြောကြား၍ တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။ **(အောက်ပုံ)**



အဆိုပါ သိပ္ပံပွဲတော်ကို ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ၌ ဩဂုတ် ၁၅ ရက်မှ ၁၇ ရက်အထိ ၃ ရက် ကျင်းပပြုလုပ်ကာ အခြေခံပညာကျောင်းသား ကျောင်းသူများအတွက် "Chronograph, Nuclear Sprint, Bet Game" စသည့် နျူကလီးယားနှင့် သိပ္ပံပညာဆိုင်ရာ ဉာဏ်စမ်းဂိမ်းယှဉ်ပြိုင်မှုများ၊ Interactive Quiz ဉာဏ်စမ်းပဟေဠိအစီအစဉ်များ ပြုလုပ်ပေးသွားမည်ဖြစ်ပြီး ဆုများချီးမြှင့်ပေးသွားမည်ဖြစ်သည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော် သိပ္ပံပွဲတော် ၂၀၂၄ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ထို့ပြင် "မြန်မာနိုင်ငံတွင် SMRs ဖွံ့ဖြိုးတိုးတက်လာစေရေး အပြန်အလှန်အသုံးချမှု" နှင့် စပ်လျဉ်းသည့် နျူကလီးယားနှင့်ဆက်စပ် Problem များကို ၂၄ နာရီအတွင်း အကောင်းဆုံးအဖြေများ ပြန်လည်ဖြေကြားသည့် Hackatom ပြိုင်ပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ်၌ ကျင်းပသွားမည်ဖြစ်ပြီး Public Discussion အစီအစဉ်တွင် နျူကလီးယားကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်သွားမည် ဖြစ်သည်။

ဘွဲ့ကြို ဘွဲ့လွန်တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ လူငယ်ပညာရှင်များအထိ နျူကလီးယားပညာရပ်အပါအဝင် သိပ္ပံဆိုင်ရာအသိအမြင်များ၊ အတွေ့အကြုံ ဗဟုသုတများ တိုးပွားလာစေခြင်း၊ သိပ္ပံပညာကို ပိုမိုစိတ်ဝင်စားစေပြီး သိပ္ပံပညာဆိုင်ရာ အသစ်အဆန်းများအား လေ့လာစူးစမ်းလိုစိတ် ဖြစ်ပေါ်လာစေခြင်း၊ ပညာရေးကဏ္ဍတွင် လူငယ်များ၏ စိတ်ဓာတ်ခွန်အားကို မြှင့်တင်ပေးနိုင်ခြင်း၊ မီဒီယာများမှတစ်ဆင့် နိုင်ငံအတွင်း နျူကလီးယားစွမ်းအင်ဆိုင်ရာ အသိပညာများ ပြန့်ပွားလာမည်ဖြစ်သည့်အတွက် နိုင်ငံတော်၏ သိပ္ပံနှင့် နျူကလီးယားစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် များစွာ အထောက်အကူပြုနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

# စားသောက်ကုန်နှင့် လူသုံးကုန်များ ထုတ်လုပ်ရောင်းချမည့် ပစ္စည်းအမယ်ပေါင်း ၄၃၀ ကျော်ကို ဓာတ်ခွဲစမ်းသပ်ခွင့်ပြုပေးထား

**မန္တလေး ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီးအတွင်း တစ်ပိုင်တစ်နိုင်လုပ်ငန်းရှင်များ ပေါ်ထွက်ရေးအတွက် စားသောက်ကုန်နှင့် လူသုံးကုန်ထုတ်လုပ်ရောင်းချမည့်ပစ္စည်းအမယ်ပေါင်း ၄၃၀ ကျော်ကို ဓာတ်ခွဲစမ်းသပ်မှုများပြုလုပ်ကာ ခွင့်ပြုပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

အဆိုပါ တစ်ပိုင်တစ်နိုင်လုပ်ငန်းရှင်များမှ ထုတ်လုပ်ရောင်းချမည့် ကုန်ပစ္စည်းများကို ယခုဘဏ္ဍာနှစ်တွင် ဓာတ်ခွဲစမ်းသပ်ပေးရန် ၆၂၅ ကိုလျာထားဆောင်ရွက်နေကြောင်း၊ ယနေ့အချိန်အထိ ဓာတ်ခွဲစမ်းသပ်ခြင်းကို ဓာတုဗေဒဓာတ်ခွဲစမ်းသပ်ပေးခြင်းအနေဖြင့် စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်စုစုပေါင်း ၁၄၀ ကျော်ခုနှင့် အဏုဇီဝဓာတ်ခွဲစမ်းသပ်ခြင်းအနေဖြင့် စားသောက်ကုန်၊ အလှကုန်၊ လူသုံးကုန်စုစုပေါင်း ၂၈၀ ကျော်ခုတို့ဖြစ်ပြီး၊ ယင်းဓာတ်ခွဲစမ်းသပ်ခြင်းနှစ်မျိုးဖြင့် အမယ်ပေါင်း ၄၃၀ ကျော်ကို သုတေသနစမ်းသပ်မှုများ ပြုလုပ်ပေးကာ ခွင့်ပြုပေးထားကြောင်း သိရသည်။

"ကျွန်တော်တို့ဌာနကနေပြီးတော့ လုပ်ငန်းရှင်တွေထုတ်လုပ်မယ့် ထုတ်ကုန်ပစ္စည်းတွေကို ဓာတ်ခွဲစမ်းသပ်ခြင်း နှစ်မျိုးနဲ့ဆောင်ရွက်ပါတယ်။ ယခုလက်ရှိအချိန်မှာ ဓာတ်ခွဲစမ်းသပ်ခြင်းများအနေနဲ့ ၄၃၀ ကျော်ခုကို ဆောင်ရွက်ထားရှိပါတယ်။ ဓာတ်ခွဲစမ်းသပ်ပေးရာမှာလည်း စည်းကမ်းသတ်မှတ်ချက်တွေနဲ့ ကိုက်ညီတဲ့ ထုတ်ကုန်ပစ္စည်းတွေကိုသာ ခွင့်ပြုပေးခဲ့ပါတယ်။ ဘဏ္ဍာနှစ်အလိုက်လည်း လုပ်ငန်းရှင်တွေပေါ်ထွက်ရေးအတွက် ထုတ်ကုန်ပစ္စည်းတွေကို ဓာတ်ခွဲစမ်းသပ်ပေးခြင်းတွေပြုလုပ်ပြီး ခွင့်ပြုပေးပါတယ်။ ထုတ်လုပ်ရောင်းချမယ့် လုပ်ငန်းရှင်တွေက မိမိတို့ပြုလုပ်ပြီး ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချမယ့် ပစ္စည်းတွေကို ဓာတ်ခွဲစမ်းသပ်မှု မဖြစ်မနေပြုလုပ်ရပါတယ်"ဟု ၎င်းက ရှင်းပြသည်။

တိုင်းဒေသကြီးအတွင်း တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းပြုလုပ်နေသူများကို ဘဏ္ဍာနှစ်အလိုက် ဓာတ်ခွဲစမ်းသပ်ပေးနေခြင်းသည် လုပ်ငန်းရှင်များထုတ်လုပ်သည့် ကုန်ပစ္စည်းများ၌ အန္တရာယ်ဖြစ်စေနိုင်သော ဓာတုဆေးဝါးများပါဝင်မှုမရှိစေရန်နှင့် ဈေးကွက်အတွင်း ဝင်ရောက်မှုမရှိစေရေးတို့ကို ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ထိုသို့စမ်းသပ်ပေးနေသည့်အတွက် အရည်အသွေးပြည့်မီသည့် စားသောက်ကုန်များနှင့် လူသုံးကုန်များဖြစ်စေရေးအတွက် ရည်ရွယ်ပြီး ပြည်သူများအတွက် ဆောင်ရွက်နေကြောင်း သိရသည်။ (၀၇၃)



# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ မျက်နှာစုံညီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၁၅

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ဩဂုတ် ၁၂ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သည့် အာဆီယံလူမှု - ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ၏ မျက်နှာစုံညီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်ခဲ့ပြီး ယမန်နေ့ ညပိုင်းက လေကြောင်းခရီးဖြင့် ဗီယင်ကျန်းမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။




အာဆီယံလူမှု - ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ မျက်နှာစုံညီအစည်းအဝေးကို လာအိုနိုင်ငံ အာဆီယံလူမှု - ယဉ်ကျေးမှုဝန်ကြီး၊ ယဉ်ကျေးမှု၊ ခရီးသွားနှင့် ပြန်ကြားရေး ဝန်ကြီးဌာနဝန်ကြီး Mrs. Suansavanh Viyaket က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ အာဆီယံလူမှု - ယဉ်ကျေးမှု အသိုက်အဝန်း ကောင်စီဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်များ၊ ဆက်စပ်လုပ်ငန်း အစုအဖွဲ့များမှ အလှည့်ကျဥက္ကဋ္ဌများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ တီမောလက်စတေနိုင်ငံမှ လေ့လာကြသူများ တက်ရောက်ခဲ့ကြသည်။

ဩဂုတ် ၁၂ ရက် (အစည်းအဝေး ပထမနေ့)တွင် ကျင်းပသည့် အာဆီယံနိုင်ငံများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် မျက်နှာစုံညီ အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ဆွေးနွေးပြောကြားရာတွင် အာဆီယံလူမှု - ယဉ်ကျေးမှု အသိုက်အဝန်းအတွက် လာအိုနိုင်ငံ၏ဦးစားပေးကဏ္ဍများသည် အာဆီယံဒေသကြီး၏ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ကြံ့ကြံ့ခံနိုင်စွမ်း မြှင့်တင်ရေးတို့သည် များစွာအရေးပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လာအိုနိုင်ငံ၏ ဦးစားပေးကဏ္ဍများနှင့် ၂၀၂၅ အလွန် အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်း မဟာဗျူဟာ အစီအစဉ်ရေးဆွဲရေးတို့ကို အပြည့်အဝထောက်ခံပါကြောင်းနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက် ကျင်းပသည့် အာဆီယံလူမှု - ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်များနှင့် မျက်နှာစုံညီအစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက လာမည့် ၁၀ နှစ်မှ နှစ် ၂၀ အတွင်း ပထဝီဝင်နိုင်ငံရေးနှင့် လူမှုစီးပွားပြောင်းလဲမှုများအပေါ် အတွေးအမြင်များသည် အာဆီယံ၏ ဒေသတွင်း ဝိသေသလက္ခဏာနှင့် ဗဟိုကျမှုတို့ကို လိုက်လျောညီထွေဖြစ်စေမည့် မဟာဗျူဟာများအား မီးမောင်းထိုးပြနေကြောင်းကို ပြောကြားလိုပါကြောင်း၊ ထင်ပေါ်ကျော်ကြား ပုဂ္ဂိုလ်များ၏ ဆွေးနွေးချက်များသည် အာဆီယံပြည်သူများအတွက် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး နယ်ပယ်များအပေါ် ဦးစားပေးခြင်းဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအား မြှင့်တင်ရန်ရည်မှန်းချက်နှင့် ကိုက်ညီပါကြောင်း ပြောကြားသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ၊ ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ တည်ခင်းဧည့်ခံသော ကြိုဆိုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ဩဂုတ် ၁၃ ရက် (အစည်းအဝေး ဒုတိယနေ့)တွင် ကျင်းပသည့် အာဆီယံလူမှု - ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင် လုပ်ငန်း အစုအဖွဲ့များမှ အလှည့်ကျဥက္ကဋ္ဌများနှင့် မျက်နှာစုံညီအစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက ASCC Post – 2025 မဟာဗျူဟာစီမံကိန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အာဆီယံလူမှု - ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင် လုပ်ငန်းစုအဖွဲ့များမှ အလှည့်ကျဥက္ကဋ္ဌများ မျှဝေထားသော အတွေးအမြင်များနှင့်ဆွေးနွေးမှုများအတွက် ကျေးဇူးတင်ပါကြောင်း၊ အနာဂတ်အတွက် ရင်ဆိုင်ရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများအပေါ် ကျယ်ကျယ်ပြန့်ပြန့် ရှုမြင်သုံးသပ်ရန် လိုအပ်ပါကြောင်း၊ မဟာဗျူဟာ မြောက် အမြော်အမြင်ရှိမှု၊ လိုက်လျောညီထွေရှိမှုနှင့် ကဏ္ဍစုံ ပူးပေါင်း ဆောင်ရွက်မှုအပေါ် အလေးပေးမှုသည် ASCC ၏ အစီအစဉ်များ အပြန်အလှန်ဆက်စပ်မှုရှိပြီး ထိရောက်မှုရှိစေရန် အရေးကြီးပါကြောင်း ပြောကြားခဲ့သည်။

ဩဂုတ် ၁၄ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ မြန်မာနိုင်ငံသံရုံးသို့ သွားရောက်၍ သံရုံးဝန်ထမ်းများနှင့် တွေ့ဆုံကာ တို့တာဝန် အရေးသုံးပါး ဦးထိပ်ထား၍ နိုင်ငံတော်နှင့် ပြည်သူများအပေါ် သစ္စာရှိရန် လိုအပ်ကြောင်း၊ အမျိုး၊ ဘာသာ၊ သာသနာအကျိုးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းအားထုတ်ကြရန် လိုအပ်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဆိုက်ဘာလုံခြုံရေးဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၁၅

ဆိုက်ဘာလုံခြုံရေး ဥပဒေ (မူကြမ်း) ပြဋ္ဌာန်းနိုင်ရေးအတွက် အပြီးသတ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

**တက်ရောက်**

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလူမွန်၊ ဥပဒေမူကြမ်းစိစစ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာစန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အရေးကြီးသောဥပဒေဖြစ်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က အဖွင့်အမှာစကား ပြောကြားပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဆိုက်ဘာလုံခြုံရေးဥပဒေ(မူကြမ်း) ကို ရေးဆွဲပြုစုပြီး သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ သဘောထား မှတ်ချက်များ တောင်းခံခဲ့ကြောင်း၊ e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အချောသတ် ပြင်ဆင်ရေးဆွဲခဲ့ကြောင်း၊ ဥပဒေ(မူကြမ်း)အား ဆိုက်ဘာ အရင်းအမြစ်၊ အရေးကြီးသတင်း အချက်အလက်အခြေခံအဆောက်အအုံများနှင့် အီလက်ထရောနစ် သတင်းအချက်အလက်များ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရန်၊ ဆိုက်ဘာလုံခြုံရေး ခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာ အလွဲအသုံးပြုခြင်း တို့ကို ကာကွယ် စောင့်ရှောက်နိုင်ရန်၊ ဆိုက်ဘာလုံခြုံရေး ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဆိုက်ဘာမှုခင်းများကို ထိရောက်စွာ စုံစမ်းဖော်ထုတ် အရေးယူနိုင်ရန်နှင့် ဒစ်ဂျစ်တယ်စီးပွားရေးစနစ်ကို အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ ပြဋ္ဌာန်းလိုခြင်း ဖြစ်ကြောင်း တင်ပြဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ်က ဆိုက်ဘာလုံခြုံရေး ဥပဒေ (မူကြမ်း)သည် မူဝါဒနှင့် သက်ဆိုင်သည့် အရေးကြီးသော ဥပဒေဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် အဆိုပါဥပဒေ (မူကြမ်း) အား ပြဋ္ဌာန်းနိုင်ရေး အပြီးသတ် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



## မုံရွာမြို့နယ်တွင် မိုးသီးနံ့ပဲမျိုးစုံဧက ၃ ပုံ ၂ ပုံ စိုက်ပျိုးပြီး

မုံရွာ ဩဂုတ် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်တွင် မိုးသီးနံ့ပဲမျိုးစုံဧက ၃ ပုံ ၂ ပုံ စိုက်ပျိုးပြီးထားကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်ထံမှ သိရသည်။

မုံရွာမြို့နယ်တွင် မိုးသီးနံ့ပဲမျိုးစုံဧက ၃၃၃၅၀ စိုက်ပျိုးရန်လျာထားပြီး မေလက စိုက်ပျိုးရာ ၂ လကျော် ၃ လအတွင်း ဧက၂၃၀၀၀ နီးပါး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပဲမျိုးစုံလျာထားဧကပြည့်မီဖို့ စိုက်ပျိုးနေပါတယ်။ ပဲမျိုးစုံတိုးချဲ့စိုက်ကြဖို့နဲ့ အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်တွေ သုံးကြဖို့ တောင်သူတွေကို ဌာနအနေနဲ့ပညာပေးနေပါတယ်"ဟု ဦးစိုးသက်အောင်က ပြောသည်။

မုံရွာမြို့နယ်တွင် ပဲစဉ်းငုံကို ဧက ၁၂၀၀၀ ကျော် အများဆုံးစိုက်ပျိုးခြင်းဖြစ်ပြီး ပဲတီစိမ်း ဧက ၉၅၀၀ ကျော်၊ မတ်ပဲ ဧက ၆၅၀ နှင့် စွန်တာပြာ ဧက ၄၀၀ စိုက်ပျိုးကြခြင်းဖြစ်သည်။

(၃၉၄)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးတွင် ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်မည့် မစ္စကောင်းဖျင်အား လက်ခံတွေ့ဆုံ






**မန္တလေး ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးတွင် ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်မည့် မစ္စကောင်းဖျင်(Ms.Gao Ping)အား ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့လက်ခံတွေ့ဆုံစဉ် မြန်မာ-တရုတ်နှစ်နိုင်ငံချစ်ကြည်ရေး အပြန်အလှန် ဖော်ဆောင်နေကြသော နှစ်နိုင်ငံအကြားကဏ္ဍအသီးသီး၌ ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေမှုများ၊ ငြိမ်းချမ်းစွာ အတူ ယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်ကို အခြေခံ၍ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို တိုးတက်အောင် ဆောင်ရွက်နေမှုများ၊ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများကို တစ်ဦးနှင့်တစ်ဦး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တရုတ်ကောင်စစ်ဝန်ကြီးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## မိတ္ထီလာမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းဆောင်ရွက်သော စာဖတ်ရှိန်မြှင့်တင်ရေး မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် မြို့နယ်စာရေးဆရာအသင်းမှ အဖွဲ့ဝင် စာရေးဆရာရွှေညာမြေမြတ်သင်းကြိုင်က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲကို ကျင်းပရာ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၇၆ ဦးက စာပေနှင့် ပတ်သက်သည့် ခေါင်းစဉ်များဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါ ပြိုင်ပွဲအား ဩဂုတ် ၂၂ ရက်နေ့၌ ကျင်းပမည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ပြိုင်ပွဲများအတွက် ကြိုတင်ကျင်းပခြင်းဖြစ်ပြီး ၄င်းပြိုင်ပွဲမှ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူ ၇၆ ဦးအနက် အကောင်းဆုံးပါဝင်ယှဉ်ပြိုင်ခဲ့သူ ၂၀ ဦးအား ရွေးချယ်၍ ကျောင်းစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် နောက်ဆုံးအဆင့် ထပ်မံယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး ဆုရရှိသူများအား ယင်းပြိုင်ပွဲနေ့တွင် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

(၄၆၉)



## ကျောက်ဆည်မြို့နယ်တွင် ဈေးနှုန်းချိုသာစွာဖြင့် စားသုံးဆီ(၂၀၉၀)ပိဿာ ရောင်းချ



**ကျောက်ဆည် ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ပြည်သူများ စားနပ်ရိက္ခာဖူလုံရေး အထောက်အကူ ဖြစ်စေရန် ရည်ရွယ်ပြီး ယနေ့နံနက်ပိုင်းက ရပ်ကွက်/ကျေးရွာပြည်သူများအား ဈေးနှုန်းချိုသာစွာဖြင့် အခြေခံစားသောက်ကုန်ဖြစ်သည့် စားအုန်းဆီ(၂၀၉၀)ပိဿာ ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ရောင်းချပေးရာတွင် ဝယ်ယူသူပြည်သူများအဆင်ပြေစေရေး ရပ်ကွက်/ကျေးများသို့ ကွင်းဆင်း၍ ဒေါ်စန်းဌေး (နေလသုခ) စားသုံးဆီလက်လီလက်ကား ရောင်းဝယ်ရေးဆိုင်မှ ကျီးအိပ်ကျေးရွာပြည်သူများအတွက် စားအုန်းဆီ(၅၅၀)ပိဿာကိုလည်းကောင်း၊ ဦးအောင်လွင် (နေလသုခ) စားသုံးဆီလက်လီလက်ကားရောင်းဝယ်ရေးဆိုင်မှ အရှေ့သာဂရ၊ ဆည်ကုန်း၊ မြိုင်သာယာကျေးရွာပြည်သူများ အတွက် စားအုန်းဆီ(၆၆၀) ပိဿာကိုလည်းကောင်း၊ ဦးသန်းဌေး စားသုံးဆီ လက်လီလက်ကား ရောင်းဝယ်ရေးဆိုင်မှ မြို့မဈေးသူ၊ ဈေးသားများအတွက် စားအုန်းဆီ(၁၁၀)ပိဿာကိုလည်းကောင်း၊ ဒေါ်သီတာ(စစ်ငြိမ်း) စားသုံးဆီ လက်လီလက်ကား ရောင်းဝယ်ရေးဆိုင်မှ မြို့မဈေးသူ၊ ဈေးသားများအတွက် စားအုန်းဆီ(၁၁၀)ပိဿာကိုလည်းကောင်း၊ ဒေါ်စန်းစန်းဌေး (နေလသုခ) စားသုံးဆီ လက်လီလက်ကား ရောင်းဝယ်ရေးဆိုင်မှ ဈေးတန်း၊ ဘင်စုရပ်ကွက် ပြည်သူများအတွက် စားအုန်းဆီ (၃၃၀) ပိဿာကိုလည်းကောင်း၊ ဦးအောင်လွင်(နေလသုခ) စားသုံးဆီလက်လီလက်ကား ရောင်းဝယ်ရေးဆိုင်မှ ကျီးအိပ်ကျေးရွာပြည်သူများအတွက် စားအုန်းဆီ (၃၃၀)ပိဿာ၊ စုစုပေါင်း(၂၀၉၀) ပိဿာရောင်းချပေးခဲ့ကြောင်း ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းထံမှ သိရသည်။

အဆိုပါ ရောင်းချပေးခဲ့သော စားအုန်းဆီများကို ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ ဦးဆောင်၍ Ideal Business Success Co.,Ltd နှင့် Resources Group Trading Co.,Ltd စားသုံးဆီတင်သွင်းသည့် ကုမ္ပဏီများထံမှ ရည်ညွှန်းဈေးနှုန်းများဖြင့် ဝယ်ယူခဲ့သော စားအုန်းဆီများဖြစ်ကြောင်း သိရသည်။

(၄၈၅)

## ပခုက္ကူခရိုင်လူထုအခြေပြုဗဟိုဌာန၌ သတင်းအချက်အလက်များ ပြည့်စုံမှန်ကန်စွာ ရေးသားနိုင်ရေး သတင်းရေးသားနည်းသင်တန်း(၃/၂၀၂၄)ဖွင့်လှစ်သင်ကြား

**ပခုက္ကူ ဩဂုတ် ၁၅**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ သတင်းအချက်အလက်များပြည့်စုံမှန်ကန်စွာ ရေးသားနိုင်ရေး သတင်းရေးသားနည်းသင်တန်း (၃/၂၀၂၄)ကို ယမန်နေ့နံနက် ၉ နာရီက စတင်ပြီး ဖွင့်လှစ်သင်ကြားသည်။

အဆိုပါသင်တန်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ပပသင်း ဦးဆောင်၍ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများ၊ ဓာတ်ပုံကျွမ်းကျင်-၂ ဝန်ထမ်းများက သတင်း၏အဓိပ္ပါယ်၊ သတင်းရေးသားရာတွင် လိုက်နာရမည့် အချက်များနှင့် စံသတ်မှတ်ချက်များ၊ သတင်းကောင်းတစ်ပုဒ် တည်ဆောက်နည်းနှင့် ရယူစုဆောင်းနည်းများ၊ သတင်းမီဒီယာဥပဒေများ၊ စာနယ်ဇင်းဆိုင်ရာကျင့်ဝတ်များ၊ သတင်းသမားများ လိုက်နာရမည့်တာဝန်များနှင့် စည်းမျဉ်း၊ စည်းကမ်းများ၊ သတင်းဆောင်းပါးရေးသားနည်းများ၊ သတင်းဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးတည်းဖြတ်နည်းများကို ဩဂုတ် ၁၄ ရက်နှင့် ၁၅ ရက် အထိ စာတွေ့လက်တွေ့စနစ်တကျ သင်ကြားပို့ချပေးခြင်းဖြစ်ပြီး ပခုက္ကူခရိုင်ရုံးနှင့် မြို့နယ်ရုံးများမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၃၄၀)

# ရနံ့ကြိုင်ဝေ မန္တလာမြေမှ ကဗျာများ

### ထပ်တူဝမ်းသာ မုဒိတာ

မြန်မာအဘိဓာန်ကျမ်းတွင် မုဒိတာကို(န) သူတစ်ပါးကောင်းကျိုးခံစားရသည်ကို ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်းဟု အနက်အဓိပ္ပာယ် ဖွင့်ဆိုထားပါသည်။ ရက်နေ့ကား ၂၀၂၄ခုနှစ်၊ ဩဂုတ် ၁၁ရက် တနင်္ဂနွေနေ့၊ အချိန်ကား နံနက် ၉နာရီ ကျော်ကျော်ခန့် နေရာကား မန္တလေးမြို့၊ နန်းတော်ရှေ့တစ်နေရာရှိ စာပေတင်းကုပ်သို့ စာပေတင်းကုပ်ဝိုင်းတော်သူ၊ ဝိုင်းတော်သားများ အပြုံးကိုယ်စီဖြင့် စုရုံးရောက်ရှိလာကြပါသည်။ အကြောင်းရင်းကား ဆရာမောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)၏ "ရနံ့ကြိုင်ဝေ၊ မန္တလာမြေမှ ကဗျာများ"စာအုပ်မိတ်ဆက်ပွဲသို့ တက်ရောက်အားပေးချီးမြှင့် မုဒိတာစကားများ ပြောကြားရန်ဖြစ်ပါသည်။

အခမ်းအနားကို စီစဉ်ဖိတ်ကြားသူ ဆရာမောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)ကလည်း ဝိုင်းတော်သူ၊ ဝိုင်းတော်သားများကို (၈-၈-၂၀၂၄)ရက်၊ ကြာသပတေးနေ့ကတည်းကပင် ဖိတ်စာများပေးပို့၍ ၎င်း၏အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြပါရန်လည်းကောင်း၊ ကြွရောက်လာသူများကို စမူဆာ၊ လက်ဖက်ရည်များဖြင့် ကျွေးမွေးဧည့်ခံပြီး ၎င်းကဗျာစာအုပ်ကို မေတ္တာလက်ဆောင်ပေးမည်ဖြစ်ကြောင်းကိုလည်းကောင်း၊ ထိုနေ့ နံနက်ဆယ့်တစ်နာရီခွဲတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးကြမည်ဖြစ်ကြောင်းကို လည်းကောင်း ကြိုတင်အသိပေးထားပါသည်။ ထို့ကြောင့် စာပေတင်းကုပ်ဝိုင်းတော်သူ၊ ဝိုင်းတော်သားများသည် ထပ်တူဝမ်းသာ မုဒိတာစကားများပြောကြားရန်နှင့် အသိအမှတ်ပြု အားပေးချီးမြှင့်ကြရန် စာပေစိတ်ဓာတ်ဖြင့် စည်းစည်းလုံးလုံး စုရုံးရောက်ရှိလာကြခြင်း ဖြစ်ပါ သည်။

### ပုံနှိပ်မှတ်တမ်း၊ လာရာလမ်း

ဆရာမောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)၏ ရနံ့ကြိုင်ဝေ၊ မန္တလာမြေမှ ကဗျာများ စာအုပ်လာရာ ပုံနှိပ်မှတ်တမ်းမှာ အောက်ပါအတိုင်းဖြစ်ကြောင်း သိရှိရပါသည်။

**ထုတ်ဝေသူ** - ဦးစိုးလွင်(၀၁၄၇၆)၊ သစ္စာရောင်ခြည် စာပေတိုက်၊ အမှတ်(၆/၇)ကျိုက္ကဆံဘုရား အရှေ့မုခ် သင်္ကန်းကျွန်း၊ ရန်ကုန် ၀၉-၄၂၀၈၂၈၃၉၊ ၀၃၂၅၄၇၂၃၅၅၀၊

**ပုံနှိပ်သူ** - ဒေါ်ခင်ခင်ဝင်း ရတနာဦးသွင်ရောင်စုံပုံနှိပ်တိုက်(၀၀၁၄၅)၊ ငါးထပ်ကြီးဘုရား၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသည့်အကြိမ်** - ပထမအကြိမ်၊ ထုတ်ဝေသည့် ခုနှစ် ၂၀၂၄ခုနှစ်၊ ဩဂုတ်လ၊ ထုတ်ဝေသည့်အုပ်ရေ ၅၀၀၊ တန်ဖိုး ၄၀၀၀ကျပ်၊ ကွန်ပျူတာဒီဇိုင်း နေကမ္ဘာစိုး၊ စာပြင် မောင်ငြိမ်းချမ်း(နတ်မောက်)၊ စာအုပ်ချုပ် - အဖေ့လက်ရာ

### ရနံ့ကြိုင်ဝေ မန္တလာမြေ

ဆောင်းပါးရှင်သည် မေတ္တာလက်ဆောင်ရရှိခဲ့သော ဆရာမောင်မောင်လင်းထွဋ်(နန်းတော်




ရှေ့)၏ "ရနံ့ကြိုင်ဝေ၊ မန္တလာမြေမှ ကဗျာများ" စာအုပ် ခေါင်းစဉ်၏ အနက်အဓိပ္ပာယ်များကို သိရှိနိုင်ရန် မြန်မာအဘိဓာန်ကျမ်းကို အပြန်အလှန် အသေးစိတ် ဖတ်ရှုလေ့လာမိပါသည်။

မြန်မာအဘိဓာန်ကျမ်းတွင် ရနံ့ကောင်းသော အနံ့ဟုလည်းကောင်း၊ "ကြိုင်"မွှေးသော ရနံ့သင်းသောဟုလည်းကောင်း၊ "ဝေ"ရနံ့ပျံ့နှံ့သည်ဟုလည်းကောင်း၊ "မှ"နာမ်ပုဒ်ကို ထင်ရှားပေါ်လွင်အောင် ဆက်တွဲသုံးသော စကားလုံး"ဟုလည်းကောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ဤဆောင်းပါးရှင်သည် ထိုစာအုပ်ခေါင်းစဉ်ကို "ရနံ့များ ပျံ့နှံ့နေသည့် မန္တလေးမှ ကဗျာများ"အနှစ်ချုပ် အနက်အဓိပ္ပာယ် ဖွင့်ဆိုလိုပါသည်။

တစ်ဖန် ထိုစာအုပ်တွင် မည်သည့်ရနံ့များ ပျံ့သင်းထုံနေသည်ကို အကြမ်းဖျင်းသိရှိနိုင်ရန် မာတိကာကို ဖတ်ရှုလေ့လာခဲ့ရာ (၁)မန္တလေးရနံ့ ကဗျာ (၇)ပုဒ်၊ (၂) စာပေရနံ့ ကဗျာ(၉)ပုဒ်၊ (၃)အညာရနံ့ ကဗျာ (၂၂)ပုဒ်၊ (၄)ချိန်ခါရနံ့ ကဗျာ(၁၃)ပုဒ်၊ (၅) ကျန်းမာရေးရနံ့ကဗျာ (၁၁)ပုဒ်၊ (၆) ပညာရနံ့ ကဗျာ(၆)ပုဒ်၊ (၇) ဝန်းကျင်ရနံ့ ကဗျာ(၉)ပုဒ်၊ (၈) မေ့ရနံ့ ကဗျာ(၉)ပုဒ်နှင့် (၉)ဘဝရနံ့ ကဗျာ (၁၄)ပုဒ်၊ ရနံ့ကိုးမျိုး၊ ကဗျာပုဒ်ရေ ၁၀၀တိတိ ပါဝင်ကြောင်း သိရှိရပါသည်။

### စိတ်ကြိုက်ခံစား ကဗျာများ

"ဤဆောင်းပါးရှင်သည် အထက်ပါရနံ့ (၉)မျိုး၊ ကဗျာပုဒ်ရေ ၁၀၀ကို အကြိမ်ကြိမ်အခါခါ လေ့လာဖတ်ရှုပြီး အောက်ပါကဗျာများကို မိမိစိတ်ကြိုက် ကဗျာများအဖြစ် ခံစားတင်ပြအပ်ပါသည်။

**လှမ်းလာခဲ့ပါ ရွှေမန္တလာ**

**– မန္တလေးကို လာခဲ့ပါ**
**ဖိတ်ခေါ်ချင်တယ်ဗျာ။**
**ရှေးမွေများစွာ ထိန်းသိမ်းထား**
**မုနိရှင်တော်ဘုရား။**
**– ကျောက်တော်ကြီးနဲ့ ရွှေကျောင်းရယ်**
**လိုက်ပို့ချင်ပါတယ်။**
**ကျုံးကိုပတ်မယ် နန်းတော်တွင်း**
**လေ့လာပါရှုခင်း။**
**အိမ်တော်ရာနဲ့ ကုသိုလ်တော်**
**မဝေးပါဘူးနော်။**
**အတူပျော်လို့ လျှောက်ကာလှမ်း**
**သုဓမ္မာ ဇရပ်တန်း။**
**စန္ဒာမုနိဖူးပြီးသော်**
**သွားစို့ မန်းတောင်တော်**
**တောင်ထိပ်ရောက်သော်**
**မြေကြီးနှစ်ကောင်ဗျ။**
**– တောင်အောက်မှာလဲ ကြိုနေရှာ**
**ခြင်္သေ့နှစ်ကောင်ပါ။**
**ဘုရားဖူးကာ အမှတ်တရ**
**ဓာတ်ပုံတွေရိုက်ကြ**
**လာခဲ့ပါဗျ။ ။**

**(မန္တလေးရနံ့ ကဗျာများမှ)**

**နှလုံးသားထဲက ကဗျာ**

**– ကဗျာဆိုတာ**
**စာဆိုရဲ့ နှလုံးသား။**
**ခံစားမှုပုံရိပ်တွေနဲ့**
**ခပ်နိုပ်တောက်ကြွား။**
**– ကဗျာရှင်ဆိုတာ**
**ထွင်းဖောက်မြင်ပုံရိပ်များ။**
**ရင်ခုန်သံ လျှပ်တစ်ပြက်**
**တပ်မက်ဖမ်းစား။**
**– ကဗျာဆိုတာ**
**စာဆိုရဲ့ ရင်တွင်းစကား။**
**စိတ်အစဉ်ရောင်ပြန်အလှစ်**
**အားသစ်တွေပွား။**
**– ကဗျာရှင်ဆိုတာ**
**ခြယ်မှုန်းဆင်စိတ်လှိုင်းများ**
**ဂန္ထဝင် အတွေးများဝယ်**
**လှပခမ်းနား။ ။**

**(စာပေရနံ့ ကဗျာများမှ)**

**တို့ယာမြေ**

**– တို့ယာမြေ တောင်ယာတောမှာ**
**ပေါ်လှပါတဲ့ ဟင်းရွက်စုံ**
**– ရေတပင် ကင်းပုံဖူး**
**ဘူး သခွား ဖရုံ။**
**– လယ်ကန်သင်း**
**ဆယ်ရင်းနဲ့တစ်ဖုံ**
**မြေပုံမှာ စိုက်စေသော။**
**– ရွှေချဉ်ပေါင်ကိုလ**
**မြေပေါင်မှာ ပက်ကာကြဲလို့ရယ်**
**မနည်းပေါင် နှစ်ပေါက်စားလေရှော့**
**ဘသားတို့တော။ ။**

**(အညာရနံ့ ကဗျာများမှ)**

**နွေဦးအလှ ရှုမဝ**

**– နှင်းငွေ့ဝေ ဟေမာန်ဆောင်း**
**နှုတ်ဆက်ပြောင်း စွန့်လေပြီ။**
**ရော်ရွက်ဝါမြေပြင်ဝဲ**
**ဥဩလည်း ကျူးရင့်သည်။**
**– ရွက်နုသစ် ဝေဝေစီ**
**နွေပန်းချီ မှုန်ရီငေး။**
**မန်ကျည်းဆို အိမ်နံဘေးမှာ**
**နုထွေးပေါ့လေး။**
**– လက်ပံကြွေ အတူကောက်**
**သူတစ်ယောက် ဘယ်ဆီမှာ**
**တမာပင်နုအထွေးကို**
**ရှငေးရင်သာ။**
**– လက်ပံခေါင်းချဉ်ရည်ဟာ**
**သူနဲ့ငါအကြိုက်ဆုံး**
**နွေပန်းချီ နွေအလှနဲ့**
**ဆွေနှမငယ်ချစ်ဦးကို**
**ရှုးစေမမုန်း။ ။**

**(ချိန်ခါရနံ့ ကဗျာများမှ)**

**လူတိုင်းလက်ဆေးပါ**

**– မောင်လေး 'လရောင်'လာပါကွယ်**
**မမ 'ချယ်ချယ်'ပြောပြမယ်။**
**စင်ကြယ်အောင်ကွယ် လက်ဆေးစို့**
**နှာခေါင်းစည်းလည်း တပ်ပါလို့။**
**– သားသားမီးမီးအိမ်မှာကွယ်**
**မမပုံပြင် ပြောပြမယ်။**
**နားဆင်ကာရယ်ရွှင်ပြုံးပျ**
**သားသားမီးမီး သဘောကျ။**
**– လူစုလူဝေးရှောင်ရှားကာ**
**မကြာခဏ လက်ကိုဆေး**
**ကိုဗစ်အန္တရာယ် ရှောင်စို့လေး။**

**(ကျန်းမာရေး ရနံ့ကဗျာများမှ)**

အဘိုးဖြစ်သူ ဆရာမောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)က ၎င်းတို့ ကျော်လွှားဖြတ်သန်းခဲ့ရသည့် ကိုဗစ်ရောဂါကာကွယ်ရန် မြေးကြီးဖြစ်သူ မမချယ်က မြေးငယ်ဖြစ်သူ မောင်လေး လရောင်အား လက်ကို စင်ကြယ်အောင် ဆေးကြောရန်၊ နှာခေါင်းစည်းတပ်ထားရန်နှင့် လူစုလူဝေး ရှောင်ရှားရန် သွန်သင်ဆုံးမဟန်ဖြင့် မြေးများကို ဇာတ်ကောင်ထား၍ ရေးသားသီကုံးဖွဲ့ဆိုထားပါသည်။ တစ်နည်းအားဖြင့် ဆရာသည် သူ့မြေးများကို ကလေးဘဝ ကတည်းကပင် စာပေမျိုးစေ့အမွေများ စိုက်ပျိုးလက်ဆင့်ကမ်းခဲ့ခြင်းဖြစ်ပါသည်။

### စိတ်ဝင်စားလျှင် ပြောပြချင်

ဤဆောင်းပါးကို ဖတ်ရှုနေသူသည် ဆရာမောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)၏ "ရနံ့ကြိုင်ဝေ မန္တလာမြေမှ ကဗျာများ"စာအုပ်ကို စိတ်ဝင်စားလျှင်ဖြစ်စေ၊ ကဗျာစာအုပ်ထုတ်ဝေသော ဆရာမောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)ကို အားပေးချီးမြှင့်သည့်အနေဖြင့် ထိုစာအုပ်ကို ဝယ်ယူလိုလျှင် ဖြစ်စေ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့်ညီစာပေ စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အောင်တင်ဝင်း(ငါ့သရော်)**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## Park Jimin ၏ MUSE
## တစ်ကိုယ်တော်ဂီတကို အဖွဲ့ဝင်များ ကူညီပေးထား

BTS အဖွဲ့ဝင် Park Jimin ၏ တစ်ကိုယ်တော်ဒုတိယ Album ကို ကိုယ်တိုင်ပါဝင်၍ သေချာစီစဉ်ခဲ့ရာမှ အဖွဲ့ဝင်များ ကူညီပေးထားကြကာ ပရိသတ်များလည်း အားပေးထားကြသည်ဟု အောကေပေါ့ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Park Jimin ကို ပွဲဦးထွက်စတွင် ဝသည်ဟု ဝေဖန်ခံရ၍ အစားမစားဘဲနေခဲ့ရာ စင်ပေါ်တွင် မိန်းမနှင့်တူသည်ဟု ပြောဆိုခံရခြင်း၊ ဘဲလေးအကသာ ကတက်သူဟု ဝေဖန်ခံရခြင်းများကို အောင်မြင်စွာကျော်ဖြတ်ခဲ့ပြီး ဆုတံဆိပ်ပေါင်းများစွာ ပိုင်ဆိုင်ခဲ့ကာ ပထမဆုံး တစ်ကိုယ်တော်ဂီတ Face နှင့် အောင်မြင်မှု ရရှိထားသည်။

ဘီတီအက်စ်အဖွဲ့တွင် အချစ်ခံရဆုံး ဂျီမင်မှာလီမ္မာ၍ စကားနားထောင်သူဖြစ်၍ ဂျင်က သူ့လစာကိုအရုပ်အိတ်လေးနှင့် ထည့်၍ မုန့်ဖိုးပေးခဲ့ပြီး အာရ်အမ်က ဂျီမင် အယ်လ်ဘမ်လုပ်တိုင်း အမြဲသင်ပေးကာ ဂျေဟုတ်ကလည်း ဆူဂါက သူနှင့်ဖျော်ဖြေပွဲ အတူလုပ်ရန် နားချပေးခဲ့သည်အထိ ကူညီပေးထားကြသည်။

(SKY)

## Elisa Iorio အီတလီအိုလံပစ် ကစားသမားက BTS အမာခံဖြစ်ကြောင်းပြသထား






ပြင်သစ် အိုလံပစ်ပွဲတွင် အီတလီအားကစားမယ် အီလီဆာအိုင်အိုရီဆိုအိုက BTS အမာခံတစ်ဦးဖြစ်သည်ကို ပြသခဲ့၍ ပရိသတ်စိတ်ဝင်စားခဲ့ကြသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ အိုလံပစ်ကစားမယ် အီလီဆာအိုင်အိုရီအိုသည် အားကစားဝတ်စုံနှင့် ကျောပြင်ပေါ်မှ Love yourself စာတမ်းကို ပရိသတ် အာရုံစိုက်မိခဲ့ကြပြီး BTS အမာခံပရိသတ်တစ်ဦးဖြစ်သည်ကို ပြသပုံမှာ စိတ်ဝင်စားဖွယ် ဖြစ်ခဲ့ကြသည်။

BTS အမာခံပရိသတ်များတွင် Grammy, Emmy, Tony winner, NASA အင်ဂျင်နီယာများနှင့် အဆိုတော်များအပြင် အိုလံပစ်အားသစားသမား ပါဝင်ခဲ့၍ BTS ပရိသတ်များ ဂုဏ်ယူမဆုံး ဖြစ်နေကြသည်။

(SKY)



## အလုပ်ဌာနရရှိသော စိတ်ဖိစီးမှုကြောင့် နှလုံးခုန်ပုံမှန်မဟုတ်ခြင်း ပိုမိုကြုံရနိုင်

အလုပ်ဌာနရရှိသော စိတ်ဖိစီးမှုကြောင့် နှလုံးခုန်ပုံမှန်မဟုတ်ခြင်းကို ၉၇ ရာခိုင်နှုန်းခန့်အထိ ပိုမိုကြုံတွေ့ရနိုင်ကြောင်း အမေရိကန်နှလုံးရောဂါအဖွဲ့အစည်းဂျာနယ်တွင် ရေးသားဖော်ပြသည်။ ကနေဒါနိုင်ငံ ကွိဘက်ပြည်နယ်၊ ကွိဘက်မြို့ရှိ လာဗာလ်တက္ကသိုလ်မှ တွဲဖက်ပါမောက္ခ ဇေးဗီးယားထရူဒဲလ် ဦးဆောင်သော သုတေသီများသည် ကုမ္ပဏီလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေသူ ၆၀၀၀ ဦးခန့်ကို ၁၈နှစ်ကြာ အာရုံစိုက်လေ့လာ စောင့်ကြည့်ခဲ့သည်။

ထိုကဲ့သို့ လေ့လာရာမှ လုပ်ငန်းခွင်ဌာနရရှိသော စိတ်ဖိစီးမှုက ၎င်းတို့၏ နှလုံးကျန်းမာရေးအပေါ်သက်ရောက်ပုံကို တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

ယင်းသုတေသနသည် ကနေဒါနိုင်ငံရှိ အထက်တန်းလွှာဝန်ထမ်းများကိုသာ အာရုံစိုက်သုတေသနပြုထားခြင်းဖြစ်ရာ အခြားဝန်ထမ်းများနှင့် သက်ဆိုင်ခြင်း ရှိ၊ မရှိ သီးခြားလေ့လာရဦးမည်ဟု ဆိုသည်။

(SCI)

## ထိုင်းအနုပညာရှင် Cho Kyu မှာ လူပျိုကြီး စစ်စစ်ဖြစ်



ထိုင်းအနုပညာရှင် ချိုကူကို ကလေးနှစ်ဦးအဖေအဖြစ် အထင်မှားနေကြ၍ ချိုကူက မိသားစုပုံနှင့်တကွ လူပျိုကြီးစစ်စစ်ဖြစ်ကြောင်း ပြသခဲ့သည်ဟု ထိုင်းအက်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ချိုကူ၏ဖခင်မှာ ချိုယောင်ဟွာဖြစ်ပြီး ပညာရေးဆိုင်ရာဌာနဖွင့်လှစ်ထားကာ မိခင်ကင်ဟာနာမှာ မြောင်ဒုံး၌ Mon House တည်းခိုခန်းဖွင့်လှစ်ထား၍ အစ်မဖြစ်သူချိုအာယာနှင့် မောင်နှမနှစ်ဦး ရှိခဲ့ပြီး နွေးထွေးသောမိသားစုကို ပိုင်ဆိုင်ထားသည်။

ချိုကူသည် အနုပညာရှင်ဖြစ်၍အလုပ်အားသည်နှင့် မိသားစုနှင့်အတူအချိန်ဖြုန်းတတ်ကာ၊ အစ်မချိုအာရာက ဩစတေးယားနိုင်ငံ ပီယင်နာ၌ ပညာသင်ကြားနေသည့် တယောပညာရှင်ဖြစ်၍ အမြွှာတူလေးနှစ်ဦးကို ထိန်းနေရ၍ ပရိသတ်အချို့က လက်ထပ်ပြီး သားနှစ်ဦးရှိသူဟု ထင်ခံနေရသည်။

(SKY)

## Yang Yang က အိုလံပစ်(တရုတ်) အားကစားသမားများကို အားပေးထား



တရုတ်အနုပညာရှင် ယောင်ယောင်သည် တရုတ်အပါအဝင် အိုလံပစ်အားကစားသမားများကို အားပေးထားသည့် ဗွီဒီယိုကို စီစီတီဗွီမှ တင်ဆက်ပြသထားသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ယောင်ယောင်မှာ အိုလံပစ်မီးရှူးတိုင်ကို နှစ်ခါသယ်ဆောင်ဖူးသူဖြစ်ပြီး အိုလံပစ်အားကစားသမားများအတွက် အမြဲတမ်းတစ်ထောင့်တစ်နေရာမှ ပါဝင်အားဖြည့်ပေးသူလည်းဖြစ်သည်။

၂၀၂၄ ခုနှစ် ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပပြုလုပ်သည့် အိုလံပစ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တရုတ်အားကစားသမားများအတွက် ဂုဏ်ပြုသီချင်းကို တရုတ်နိုင်ငံကိုယ်စားပြု သံတမန်ဝမ်ရီဘိုကသီဆိုပေးခဲ့ကာ ယောင်ယောင်ကလည်း အားကစားသမားများကို အားပေးထားကာ အနုပညာရှင်များစွာကလည်း ပါဝင်အားပေးထားကြသည်။

(SKY)

## Twice အဖွဲ့ Kpop ၏ ဂုဏ်ကျက်သရေဆောင်ဖြစ်လာ

ကေပေါ့Twiceအဖွဲ့သည် RTB World Tourတွင် ဖျော်ဖြေပွဲကျင်းပခဲ့ရာ သမိုင်းတစ်လျှောက် တက်ရောက်သူအများဆုံးဖြစ်ခဲ့၍ NEVER က Kpop ၏ ဂုဏ်ကျက်သရေဆောင်ဟူသော အမည်ပေးခဲ့သည်ဟု အောကေပေါ့ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကိုရီးယားမီဒီယာများကလည်းအဆိုပါ Nissar အားကစားကွင်း ဖျော်ဖြေပွဲနှင့်ပတ်သတ်၍ Twiceအဖွဲ့ကို အမည်မျိုးစုံတပ်၍ ချီးကျူးထားကြရာ Kpop Pride Stadium Artist, Biggest Girl Group in Kpop, Kpop Queens , Japan's Nation Girl Group, History Making Queens of Kpop စသဖြင့် ခေါင်းစဉ်မျိုးစုံ တပ်ခဲ့ကြသည်။



Twice ၏ Ready To Be World Tour သည် နိုင်ငံပေါင်း ၂၇ နိုင်ငံတွင် ပွဲပေါင်း ၅၁ ပွဲ ကျင်းပခဲ့ပြီး တက်ရောက်သူ ၁ ဒသမ ၅သန်းကျော် ရှိခဲ့သည်ဟု ဂျေဝိုင်ပီက တရားဝင် ထုတ်ပြန်ထားပြီး နမ်ဆမ်အားကစားရုံပွဲတွင် လူပေါင်းတစ်သိန်းကျော်နှင့် သမိုင်းတစ်လျှောက် စံချိန်တင်နိုင်ခဲ့သည်။

(SKY)

## Wulei ကို Bvlgari's Spokesperson အဖြစ် မြင်တွေ့ခဲ့ရ

တရုတ်အနုပညာရှင် ဝူလိန်းသည် တောက်ပသော အနုပညာရှင်ကြယ်တစ်ပွင့်ဖြစ်ကာ တရုတ်အနုပညာရှင်လောကတွင် ကျော်ကြားမှုများ သိမ်းပိုက်ထားပြီး အသက်နှစ်ဆယ်မှစ၍ Bvlgari နှင့် လက်တွဲခဲ့ပြီး (၂၄)နှစ်တွင် Bvlgari's Spokesperson အဖြစ် မြင်တွေ့ခဲ့ရသည်ဟု ဝိန်ဘိုတွင် ဖော်ပြသည်။

ဝူလိန်သည် ရိုက်ကူးရေးပြုလုပ်နေရာမှ အဆိုပါကုန်အမှတ်တံဆိပ်၏ စီအီးအိုနှင့် ဒါရိုက်တာတို့ Bvlgari's Asia Pacific Region Managing Director တို့ ဖိတ်ကြားချက်အရ Bvlgrai's Serpentiart exhibition ပွဲသို့ အပြေးလာရောက်တက်ခဲ့ခြင်း ဖြစ်သည်။

ဝူလိန်က ညတွင်းချင်းပွဲပြီး သည့်ရိုက်ကူးရေးရှိရာ Wuxi သို့ တန်းမြင်ခဲ့ရသော်လည်း ဝူလိန်၏ အမှတ်မထင် ပြုံးပြလိုက်တိုင်း ပရိသတ် အရူးအမူးဖြစ်ခဲ့ကြရ၍ ပရိသတ်အတွက် အပင်ပန်းခံခဲ့ရခြင်း ဖြစ်သည်။

(SKY)



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ထိုင်းဝန်ကြီးချုပ်လောင်းတစ်ဦးကို တင်မြှောက်ရန် ဖွထိုင်းပါတီမှ တာဝန်ရှိသူများ ညှိနှိုင်းစည်းဝေး



**ဘန်ကောက် ဩဂုတ် ၁၅**

ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်သည်ဟူသော စွဲချက်ဖြင့် ဝန်ကြီးချုပ်ရာထူးမှ ဖယ်ရှားခံခဲ့ရသည့် ဆရက်သာသာဗီဆင်၏နေရာတွင် အစားထိုးတာဝန်ထမ်းဆောင်ရမည့် သင့်လျော်သူကို ထိုင်းနိုင်ငံသားများ မျှော်လင့်နေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယင်းသင့်လျော်သူရရှိရန်အတွက် ထိုင်းဝန်ကြီးချုပ်လောင်းတစ်ဦးကို တင်မြှောက်ရန် ဖွထိုင်းပါတီမှ တာဝန်ရှိသူများ ညှိနှိုင်းစည်းဝေးနေကြသည်။

ဝန်ကြီးချုပ်ဟောင်း သက်ဆင်၏ အငယ်ဆုံးသမီး အသက် ၃၇ နှစ်အရွယ် ပေတွန်တန်ရှီနာဝါထရာနှင့် အသက် ၇၅ နှစ်အရွယ် တရားရေးဝန်ကြီးဟောင်း ချိုင်ကာဆမ်နီတိဆီရီတို့ နှစ်ဦးအနက်မှ တစ်ဦးကို ဝန်ကြီးချုပ်လောင်းအဖြစ် ထိုပါတီက တင်မြှောက်မည်ဖြစ်ကြောင်း သိရသည်။ **Mon**

## သီရိလင်္ကာသမ္မတလောင်းအမည်များ တင်သွင်း



**ကိုလံဘို ဩဂုတ် ၁၅**

သီရိလင်္ကာနိုင်ငံတွင် နောက်လအတွင်း ကျင်းပရန်စီစဉ်ထားသော သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်အရွေးခံမည့် သမ္မတလောင်းများ၏ အမည်စာရင်းကို ဩဂုတ် ၁၅ ရက်က အတည်ပြု တင်သွင်းခဲ့ကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

စက်တင်ဘာ ၂၁ ရက်တွင် ကျင်းပမည့် အဆိုပါ သမ္မတရွေးကောက်ပွဲသို့ ဗုဒ္ဓဘာသာရဟန်းတော်နှစ်ပါး အပါအဝင် စုစုပေါင်း သမ္မတလောင်း ၃၉ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဟု ဆိုသည်။

စီးပွားရေး ချွတ်ခြုံကျကာ လူမှုရေး၊ လုံခြုံရေး မတည်မငြိမ်ဖြစ်နေသော သီရိလင်္ကာနိုင်ငံကို စီမံအုပ်ချုပ်ရန် အသက် ၇၅ နှစ်အရွယ် ရာနီးလ်ဝီကရေမေဆင်ဂေကို ပါလီမန်က သမ္မတအဖြစ် ခန့်အပ်ခဲ့ပြီးနောက် လက်ရှိပြည်တွင်းရေးပြန်လည်တည်ငြိမ်လာသဖြင့် သမ္မတရွေးကောက်ပွဲကျင်းပရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

သမ္မတလောင်း ၃၉ ဦးအနက် အလားအလာရှိသူများမှာ ရာနီးလ်ဝီကရေမေဆင်ဂေ၊ အတိုက်အခံနိုင်ငံရေးခေါင်းဆောင် ဆာဂျစ်သ်ပရေမာဒါဆာနှင့် မာ့ခ်စ်ဝါဒီ အနူရာကုမာရာ ဒိတ်ဆနယာကေတို့ဖြစ်ကြောင်း သိရသည်။**Mon**

## လူသွားလမ်းများပေါ်၌ စက်ဘီးနှင့် စကူတာစီးသူများကို စင်ကာပူနိုင်ငံ၌ စည်းကမ်းထုတ်ပြီး ပိတ်ပင်ရန် စီစဉ်နေ



**စင်ကာပူ ဩဂုတ် ၁၅**

လူသွားလမ်းများပေါ်၌ စက်ဘီးနှင့် စကူတာစီးသူများကို စင်ကာပူနိုင်ငံ၌ စည်းကမ်းထုတ်ပြီး ပိတ်ပင်တားမြစ်ရန် စီစဉ်နေပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စက်ဘီးစီးသူများအနေဖြင့် သက်ဆိုင်ရာက သတ်မှတ်ပေးထားသော ၂၀၀ ကီလိုမီတာရှည်လျားသည့် စက်ဘီးလမ်းတွင်သာ စီးနင်းခွင့်ရရှိမည်ဖြစ်ကြောင်း စင်ကာပူ ကုန်းလမ်းဆက်သွယ်ရေးဌာနက ထုတ်ပြန်ကြေညာသည်။


လူသွားလမ်းအသီးသီးပေါ်၌ ခြေကျင်သွားလာနေသူများ ဘေးကင်းစေရန်အတွက် ရည်ရွယ်ကာ စက်ဘီးနှင့်ခြေကန်စကူတာများကို လူသွားလမ်းပေါ်၌မစီးရန် တားမြစ်သည့် သဘောဖြစ်သည်။

၂၀၂၅ ခုနှစ် ဇူလိုင် ၁ ရက်မှစတင်၍ စင်ကာပူနိုင်ငံ၌ ထိုသို့ ပိတ်ပင်တားမြစ်သည့် စည်းကမ်းအကျိုးသက်ရောက်မည်ဖြစ်ရာ စက်ဘီးနှင့်စကူတာစီးသူများ မပျက်မကွက်လိုက်နာရမည် ဖြစ်သည်။

သတ်မှတ်ထားသော စည်းကမ်းဖောက်ဖျက်ပါက အမေရိကန်ဒေါ်လာ ၁၅၂၀ နှင့်ညီမျှသည့် စင်ကာပူဒေါ်လာ ၂၀၀၀ အထိ ဒဏ်ကြေးပေးဆောင်စေရမည်။ ထောင်ဒဏ် ၃ လဖြစ်စေ၊ ငွေဒဏ်နှင့်ထောင်ဒဏ် နှစ်ရပ်လုံးဖြစ်စေ ကျခံရမည်ဖြစ်ကြောင်း သိရသည်။

**Mon**

## ကမ္ဘာလုံးဆိုင်ရာ အရေးပေါ်အခြေအနေအဖြစ် မျောက်ကျောက်ရောဂါကို သတ်မှတ်ကြေညာ



**ဝါရှင်တန် ဩဂုတ် ၁၅**

ကုလသမဂ္ဂလက်အောက်ခံ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မျောက်ကျောက်ရောဂါကို ကမ္ဘာလုံးဆိုင်ရာ အရေးပေါ်အခြေအနေအဖြစ် ဩဂုတ် ၁၄ ရက်က သတ်မှတ်ကြေညာလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ပုံစံနှစ်မျိုးကွဲပြားနေသော ထိုရောဂါသည် အာဖရိကတိုက်အရှေ့ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် အမြောက်အမြားကူးစက်လျက်ရှိရာမှ အာဖရိကနယ်နိမိတ်ကိုကျော်လွန်ပြီးနောက် တစ်ကမ္ဘာလုံးသို့ ပြန့်ပွားသွားမည်ကို စိုးရိမ်ရသဖြင့် ထိုသို့ ကမ္ဘာလုံးဆိုင်ရာအရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြေညာရခြင်းဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တေဒရော့စ်အဒါနွမ်ဂေဘရေယေဆပ်က ရှင်းလင်းပြောကြားသည်။

ထိုရောဂါကို ထိရောက်စွာ ထိန်းချုပ်ကာ လူ့အသက်များကို ကယ်ဆယ်နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာတုံ့ပြန်မှုအားကောင်းမှဖြစ်မည်ဟု ၎င်းက ထည့်သွင်းပြောကြားသည်။

မျောက်ကျောက်ရောဂါသည် ဖိုမဆက်ဆံခြင်း၊ အသားချင်းထိတွေ့မိခြင်း၊ အနီးကပ်စကားပြောခြင်း၊ အနီးကပ်အသက်ရှူခြင်းစသော အပြုအမူများကြောင့် တစ်ဦးနှင့်တစ်ဦးကူးစက်နိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။

ထိုရောဂါကူးစက်ခံရပြီးလျှင် တုပ်ကွေးရောဂါလက္ခဏာနှင့် အသွင်တူသောလက္ခဏာများခံစားရပြီးနောက် တစ်ကိုယ်လုံးတွင် ပြည်ဖုနှင့် အနာစိမ်းများပေါက်ကာ လူ ၁၀၀ ဦးလျှင် လေးဦးသေဆုံးနိုင်သည်အထိ ပြင်းထန်သည်ဟု အဆိုပါအဖွဲ့က သတိပေးထားကြောင်း သိရသည်။

**Mon**



## အမေရိကန်ငွေကြေးဖောင်းပွမှုအခြေအနေ ဇူလိုင်လက အနည်းငယ်မျှ နှေးကွေးသွားခဲ့

**ဝါရှင်တန် ဩဂုတ် ၁၅**

အမေရိကန်ပြည်ထောင်စုတွင် ငွေကြေးဖောင်းပွမှုအခြေအနေသည် လွန်ခဲ့သော ဇူလိုင်လက အနည်းငယ်မျှ နှေးကွေးသွားခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ထိုသို့နှေးကွေးသွားခြင်းသည် လာမည့် နိုဝင်ဘာလတွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲနှင့် ဆက်နွယ်ပတ်သက်မှုရှိကြောင်း လေ့လာသူအချို့က ထောက်ပြသည်။

ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်လ်ထရမ့်က ၎င်းပြန်လည်အာဏာရလျှင် အမေရိကန်ဒေါ်လာ၏ တန်ဖိုးလျော့ကျနေခြင်းကို မြှင့်တင်ပေးမည်ဟု မဲဆွယ်ဟောပြောနေကြောင်း သိရသည်။ **Mon**

## ငလျင်ကြီးလှုပ်နိုင်သည်ဟူသော သတိပေးချက် ဂျပန်နိုင်ငံမှတာဝန်ရှိသူများ ရုပ်သိမ်းလိုက်ပြီဟု ဆို

**တိုကျို ဩဂုတ် ၁၅**

ဧရာမငလျင်ကြီးလှုပ်နိုင်သည်ဟူသော သတိပေးချက်ကို ဂျပန်နိုင်ငံမှ တာဝန်ရှိသူများ ဩဂုတ် ၁၅ ရက်တွင် ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။


လူဦးရေ ၁၂၅ သန်း မီတင်းနေထိုင်ကြသော ဂျပန်နိုင်ငံတွင် ဧရာမငလျင်ကြီး လှုပ်ရှားနိုင်သည်ဟု ငလျင်ပညာရှင်အများစု ခန့်မှန်းကာ အသက်ရှင်သန်ပြီး ဘေးကင်းလုံခြုံစွာ နေထိုင်နိုင်စေရန် ကြိုတင်ပြင်ဆင်ထားမှ ဖြစ်မည်ဟုလည်း သတိပေးခဲ့သည်။

ယခုအခါ ပြတ်ရွေ့ကြောများ မူမမှန်စွာ ရွေ့လျားပြောင်းလဲခြင်းမရှိတော့သဖြင့် အဆိုပါ သတိပေးချက်ကို ညနေ ၅ နာရီမှ စတင်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း သဘာဝဘေးဆိုင်ရာစီမံခန့်ခွဲရေးဝန်ကြီး ယောရှိဖုမိမတ်ဆုမူရာက ထုတ်ဖော်ကြေညာခဲ့သည်။



သို့ရာတွင် ဧရာမငလျင်ကြီးလုံးဝလှုပ်မည်မဟုတ်တော့ဟု ဆိုလိုခြင်းမဟုတ်ကြောင်း ထိုဝန်ကြီးက ထည့်သွင်းရှင်းပြသည်။

ဂျပန်နိုင်ငံတည်ရှိရာ ကျွန်းစုများသည် ပြတ်ရွေ့ကြောကြီးလေးခုပေါ်တွင် ရှိကြသဖြင့် တစ်နှစ်လျှင် ငလျင်အကြိမ်ရေ ၁၅၀၀ ခန့် လှုပ်နေကြောင်း သိရသည်။ **Mon**



အိန္ဒိယနိုင်ငံ ကက်ရှ်မီးယားပြည်နယ်အတွင်း မီးရထားများ ဖြတ်ကူးရန် တည်ဆောက်ထားသည့် ကမ္ဘာ့အမြင့်ဆုံး အခုံးတစ်ခုတည်းပါသော ချေနတ်မြစ်ကူးတံတားကို တွေ့ရစဉ်။ **Mon**

## မြောင်းမြအကျဉ်းထောင်တွင် ထောင်အရာရှိနှင့် တန်းစီးများက နိုင်ငံရေးအကျဉ်းသားများအား ဖိနှိပ်နေသည်ဟု Tachileik New Agency သတင်းဌာနက မဟုတ်မမှန်စွပ်စွဲရေးသားဖော်ပြ

နေပြည်တော် ဩဂုတ် ၁၅

မြောင်းမြအကျဉ်းထောင်တွင် ထောင်အရာရှိနှင့် တန်းစီးများက နိုင်ငံရေးအကျဉ်းသားများအား ဖိနှိပ်နေ ခေါင်းစဉ်ဖြင့် Tachileik New Agency အမည်ခံ Facebook Page ၌ ဩဂုတ် ၁၃ ရက်က သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်စွပ်စွဲ ရေးသားဖော်ပြခဲ့ကြောင်း တွေ့ရှိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ မြေပြင်စိစစ်ချက် အရ အကျဉ်းထောင်များတွင် နိုင်ငံရေးအကျဉ်းသား ဟူ၍မရှိဘဲ တည်ဆဲဥပဒေ တစ်ခုခုကို ချိုးဖောက်၍ ပြစ်ဒဏ်ကျခံနေရသူများသာရှိကြောင်း။

မြောင်းမြအကျဉ်းထောင်တွင် ထိန်းသိမ်းထားရှိ သော အကျဉ်းသား အကျဉ်းသူများအား တာဝန်ရှိ ဝန်ထမ်းများက အကျဉ်းထောင်ဥပဒေ၊ နည်းဥပဒေနှင့် အညီသာ အုပ်ချုပ်လျက်ရှိပြီး ကျသစ်/ချုပ်သစ်များ အား အကျဉ်းထောင်စည်းမျဉ်း၊ စည်းကမ်းများနှင့် ဆောင်ရန်၊ ရှောင်ရန်များကို သင်ကြားရာတွင်လည်း ငွေကြေးတောင်းခံခြင်း၊ ရိုက်နှက်ခြင်းများမရှိဘဲ ၎င်းတို့နေထိုင်သော ပတ်ဝန်းကျင်နှင့် အိပ်ဆောင် အတွင်း၊ အပြင် သန့်ရှင်းရေးအလုပ်ကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စေခိုင်းခြင်းသာရှိကြောင်း။

အကျဉ်းထောင်အတွင်း တာဝန်ထမ်းဆောင်ရာ တွင် ဝန်ထမ်းများ အရက်သေစာသောက်စားခြင်းကို ခွင့်မပြုဘဲ အရက်သေစာ သောက်စားလာပါက ထောင်တွင်းဝင်ခွင့်မပြုသည့်အပြင် ဥပဒေ၊ လုပ်ထုံး လုပ်နည်းနှင့်အညီ အပြစ်ပေးခြင်းများ ပြုလုပ်ပြီး အကျဉ်းသား အကျဉ်းသူများအား အကြောင်း အမျိုးမျိုးပြ ငွေကြေးကောက်ခံခြင်း၊ မတရားညှဉ်းပန်း နှိပ်စက်ခြင်းများ မရှိစေရန် အကျဉ်းထောင်အုပ်ချုပ်သူ အရာရှိအဆင့်ဆင့်က ရုံးအမိန့်စာများ ထုတ်ပြန်၍ ညွှန်ကြားကြပ်မတ်ထားကာ အကျဉ်းထောင်အတွင်း ဆောင်ရွက်ရသည့်လုပ်ငန်းများအတွက် အကျဉ်းသား အကျဉ်းသူများထံမှ ငွေကြေးကောက်ခံခြင်းမရှိဘဲ ဌာနရန်ပုံငွေဖြင့်သာဆောင်ရွက်ကြောင်း အကျဉ်း ထောင်တာဝန်ရှိသူများထံမှ သိရသည်။

သို့ဖြစ်ရာ Tachileik New Agency အမည်ခံ Facebook Page က ဖော်ပြမှုသည် သတင်းအတု၊ သတင်းအမှားသာဖြစ်ပြီး ပြည်သူအများ အထင် အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသား ထားခြင်းသာဖြစ်သည်။

ကိုဖြိုး

## ဂန့်ဂေါမြို့နယ် လုံခြုံကျေးရွာနှင့် မကျည်းခင်ကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် ပြည်သူပိုင်ပစ္စည်းများကို ခိုးယူသွားကြောင်း မဟုတ်မမှန်စွပ်စွဲရေးသားဖြန့်ဝေ

နေပြည်တော် ဩဂုတ် ၁၅

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ နယ် လုံခြုံကျေးရွာနှင့် မကျည်းခင် ကျေးရွာတို့ကို ဩဂုတ် ၁၄ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ ဖျက်ဆီးခဲ့ရာ လုံခြုံကျေးရွာမှ နေအိမ် သုံးလုံး မီးလောင်ပျက်စီး ခဲ့ပြီး ကားနှစ်စီးဖြင့် ပြည်သူပိုင် ပစ္စည်းများကို ခိုးယူသွားကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာ များက မဟုတ်မမှန်စွပ်စွဲရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




ဖြစ်စဉ်အမှန်မှာ အကြမ်းဖက် လုပ်ရပ်များကို အားပေးထောက်ခံ ခြင်းမရှိသည့်ဒေသခံပြည်သူတစ်ဦး က လုံခြုံကျေးရွာအနီးတွင် PDF အမည်ခံအကြမ်းဖက်သမားများ ရောက်ရှိစုဖွဲ့နေကြောင်း သတင်း ပေးပို့ချက်အရ လိုအပ်သည့် လုံခြုံ ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမား များ ထိခိုက်ဒဏ်များ ရရှိခဲ့ပြီး ထွက်ပြေးသွားစဉ် ကျေးရွာအတွင်း ရှိ လူနေအိမ်များအား မီးရှို့ ဖျက်ဆီးခဲ့ကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ၎င်းကျေးရွာကို မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူပိုင် ပစ္စည်းများကို ခိုးယူခြင်းမှာ လုပ်ကြံ သတင်းအမှားသာဖြစ် ကြောင်း လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာ များက ပြည်သူများစိုးရိမ်ထိတ်လန့် စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အပေါ် အထင်အမြင်လွဲမှားစေမည့် သတင်းတု၊ သတင်းအမှားများကို သာ တစ်ဖက်သတ် စွပ်စွဲရေးသား လျက်ရှိရာ ယခုဖြစ်စဉ်တွင်လည်း လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများ၏ ပူးပေါင်း ဆောင်ရွက်မှုကြောင့်သာ PDF အမည်ခံအကြမ်းဖက်သမားများ ၏ အကြမ်းဖက်လုပ်ရပ်ကို အချိန်မီ တားဆီးဆောင်ရွက်နိုင်ခဲ့သည်ကို တရားမဝင် ပြည်ဖျက်မီဒီယာ များက မဟုတ်မမှန် လုပ်ကြံ ရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေ နေခြင်းသာဖြစ်ကြောင်း သတင်း ရရှိသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၁၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်း ရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက် များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင် ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေ များအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်း နိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ် ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Nyein Yadana Bo” Facebook အကောင့် ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ် အမှတ်(၁)ရပ်ကွက်နေ ငြိမ်းရတနာဗိုလ်အား နံနက် ၇ နာရီ ၄၅ မိနစ် တွင် ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁)နယ်မြေရဲစခန်း၌ တရား ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက် ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရ ယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့် ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူ သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း ဖြူးမြို့နယ် ညောင်ပင်သာနှင့် ဖြူးဘူတာကြား မိုင်းပေါက်ကွဲမှုကြောင့် လုံခြုံရေးကင်းလှည့် သံလမ်းပြေးယာဉ် (RGC-89) လမ်းချော်ကျမှုဖြစ်ပွားပြီး လူစီးရထားနှင့် ကုန်ရထားများ ကြန့်ကြာမှုဖြစ်

နေပြည်တော် ဩဂုတ် ၁၅

ရန်ကုန် -မန္တလေးရထား လမ်းပိုင်းအတွင်း ဖြူးမြို့နယ် ညောင်ပင်သာဘူတာမှ လုံခြုံရေး ကင်းလှည့် ထွက်ခွာလာသည့် သံလမ်းပြေးယာဉ်(RGC-89) သည် ယနေ့ နံနက် ၁ နာရီ ၁၅ မိနစ်ခန့်တွင် ညောင်ပင်သာနှင့် ဖြူးဘူတာအကြား အဆန်လမ်း မိုင်တိုင်အမှတ်(၁၃၂) ကြေးနန်း တိုင်အမှတ် ၅ နှင့် ၆ အကြား ၌ဖြတ်သန်းစဉ် အကြမ်းဖက် သောင်းကျန်းသူအဖွဲ့က Re mote မိုင်းဖြင့် ဖောက်ခွဲခဲ့သဖြင့် သံလမ်းပြေးယာဉ်(RGC-89) လမ်းချော်ကျမှုဖြစ်ပွားခဲ့ရခြင်း ကြောင့် လူစီးရထားနှင့် ကုန် ရထားများ ကြန့်ကြာမှုဖြစ်ပေါ် ခဲ့သည်။

(ယာပုံ)

စာမျက်နှာ ၁၀ သို့ ❖



# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် ကြေညာချက်

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့သော စာစစ်ဌာနကြီးကြပ်ရေးမှူးများ(အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ် ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့်ပုံစံစာအိတ်ကို ဩဂုတ်လ ၂၆ ရက် (တနင်္လာနေ့) မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန်ဖြစ်ပါသည်။ အဆိုပါတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ကို ဩဂုတ်လ ၂၆ ရက်မှ စက်တင်ဘာလ ၁၂ ရက်အထိ စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ) အောက်ပါတက္ကသိုလ်များတွင် လက်ခံမည်ဖြစ်ပါသည်-

(၁) မြစ်ကြီးနားတက္ကသိုလ်
(၂) ဘားအံတက္ကသိုလ်
(၃) ဟားခါးတက္ကသိုလ်
(၄) မုံရွာတက္ကသိုလ်
(၅) ရွှေဘိုတက္ကသိုလ်
(၆) စစ်ကိုင်းတက္ကသိုလ်
(၇) ထားဝယ်တက္ကသိုလ်
(၈) တောင်ငူတက္ကသိုလ်
(၉) ပြည်တက္ကသိုလ်
(၁၀) ပဲခူးတက္ကသိုလ်
(၁၁) မကွေးတက္ကသိုလ်
(၁၂) ပခုက္ကူတက္ကသိုလ်
(၁၃) မန္တလေးအဝေးသင်တက္ကသိုလ်
(၁၄) မိတ္ထီလာတက္ကသိုလ်
(၁၅) ကျောက်ဆည်တက္ကသိုလ်
(၁၆) မော်လမြိုင်တက္ကသိုလ်
(၁၇) စစ်တွေတက္ကသိုလ်
(၁၈) ရန်ကုန်အဝေးသင်တက္ကသိုလ်
(၁၉) တောင်ကြီးတက္ကသိုလ်
(၂၀) ကျိုင်းတုံတက္ကသိုလ်
(၂၁) ပုသိမ်တက္ကသိုလ်
(၂၂) ဟင်္သာတတက္ကသိုလ်
(၂၃) မအူပင်တက္ကသိုလ်

သတ်မှတ်ရက်ကျော်လွန်မှ လျှောက်ထားသူများသည် အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားရမည်။

အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁၇-၅၀၃၁၄၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန



ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ဖြူးမြို့နယ် ညောင်ပင်သာနှင့်ဖြူးဘူတာကြား မိုင်းပေါက်ကွဲမှုကြောင့် လုံခြုံရေးကင်းလှည့် RGC 89 သံလမ်းပြေးယာဉ် လမ်းချော်ကျမှုအခြေအနေကို တွေ့ရစဉ်။



ညောင်ပင်သာနှင့်ဖြူးဘူတာကြား မိုင်းပေါက်ကွဲမှုကြောင့် ရထားလမ်းနှင့် ကွန်ကရစ်ဇလီဖားတုံးများ ပျက်စီးဆုံးရှုံးမှုအခြေအနေကို တွေ့ရစဉ်။

❖ စာမျက်နှာ ၉ မှ

မိုင်းပေါက်ကွဲမှု ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီရောက်ရှိပြီး နယ်မြေရှင်းလင်းစစ်ဆေးခြင်း၊ မြန်မာ့မီးရထား ဝန်ထမ်းများကလည်း လမ်းချော်ကျသော သံလမ်းပြေးယာဉ်အား မတင်၍ လမ်းပိုင်းအားအမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ရထားလမ်း ပြန်လည်ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

မိုင်းပေါက်ကွဲမှုဖြစ်စဉ်ကြောင့် အဆန်ရထားလမ်း၏ အရှေ့ဘက်သံလမ်းနှင့် ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်းဆောင်ရွက်နေသော ရထားပြေးဆွဲမှုမရှိသေးသည့် အစုန်ရထားလမ်း၏ အနောက်ဘက် သံလမ်းများသုံးပေခန့်စီ ပြတ်ထွက်၊ ကွန်ကရစ်ဇလီဖားတုံး ၁၅ တုံးနှင့် သံလမ်းပြေးယာဉ်၏ ဘာဖာရှပ်တန်းကျိုးသည့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ မိုင်းပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ရန်ကုန်မြို့မှ ထွက်ခွာလာသည့် အမှတ် (၁) အဆန် ရန်ကုန် - မန္တလေး စာပို့ရထားသည် နံနက် ၈ နာရီ ၃၅ မိနစ်တွင် လည်းကောင်း၊ အမှတ် (၁၁) အဆန် ရန်ကုန် - မန္တလေး လူစီးအမြန်ရထားသည် နံနက် ၉ နာရီ ၄၃ မိနစ်တွင်လည်းကောင်း ညောင်လေးပင်ဘူတာသို့အသီးသီး ရောက်ရှိ ရပ်တန့်စောင့်ဆိုင်းခဲ့ရပြီး၊ အမှတ်(၁၁) အဆန် လူစီးအမြန်ရထားသည် နံနက် ၁၁ နာရီ ၄၅ မိနစ်နှင့် အမှတ်(၁) အဆန် စာပို့ရထားသည် မွန်းလွဲ ၁၂ နာရီ ၇ မိနစ်တွင် ညောင်လေးပင်ဘူတာမှ အသီးသီးပြန်လည်ထွက်ခွာနိုင်ခဲ့သဖြင့် အမှတ်(၁၁) အဆန် အမြန်ရထားသည် ၂ နာရီ ၂ မိနစ်နှင့် အမှတ်(၁)အဆန်စာပို့ရထားသည် ၃ နာရီ ၃၂ မိနစ် အသီးသီး ကြန့်ကြာမှုဖြစ်ပေါ်ခဲ့ရသည်။

## ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲလျက်ရှိ

ထို့အတူ ရန်ကုန် - မန္တလေး ရထားလမ်းပိုင်းအတွင်းပြေးဆွဲနေသည့် အမှတ် (၉၀၃) အဆန်ကုန်ရထားသည် ပြွန်တန်ဆာဘူတာ၌ နံနက် ၇ နာရီ ၅ မိနစ်မှစ၍ စောင့်ဆိုင်းခဲ့ရသည်။ လမ်းပိုင်း ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများအား ယနေ့မွန်းလွဲ ၁ နာရီခွဲ၌ ဆောင်ရွက်ပြီးစီး၍ ဖြူး - ညောင်လေးပင် ရထားလမ်းပိုင်းအား ပြန်လည်ဖွင့်လှစ်ခဲ့ပြီးနောက် ရထားများပုံမှန်အတိုင်း ပြန်လည် ပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ/ဖျက်ဆီးခြင်း (၇၉) ကြိမ်၊ ရထားတံတား/သံလမ်းများအား မိုင်းခွဲဖျက်ဆီးခြင်း (၁၇၁) ကြိမ်၊ ဘူတာအဆောက်အဦနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း (၁၆) ကြိမ် ကျူးလွန်ခဲ့ကြသည်။

## အလေးထားဆောင်ရွက်ပေး

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင် ရထားစက်ခေါင်းနှင့် တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီး ဆုံးရှုံးစေရေး၊ ရထားစီးခရီးသွား ပြည်သူများအနေဖြင့် ရထားဖြင့် ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ် ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိစေရေးနှင့် ရန်ကုန် - မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်း နှောင့်နှေးကြန့်ကြာစေရန်အတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ အကြိမ်ကြိမ် ကျူးလွန်ဖျက်ဆီးနေကြခြင်းဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့ မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အဦများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍အစဉ်တစိုက်အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ညောင်ပင်သာနှင့်ဖြူးဘူတာကြား မိုင်းပေါက်ကွဲမှုကြောင့် ရထားလမ်း ပျက်စီးဆုံးရှုံးမှုအပေါ် ပြန်လည်ပြုပြင်နေမှု အခြေအနေကို တွေ့ရစဉ်။



ညောင်ပင်သာနှင့် ဖြူးဘူတာကြား မိုင်းပေါက်ကွဲမှုကြောင့် ရထားလမ်းပျက်စီးဆုံးရှုံးမှုအပေါ် ပြန်လည်ပြုပြင်ပြီးစီး၍ ရထားများ ပုံမှန်အတိုင်း ပြန်လည်ဖြတ်သန်းနေစဉ်။

# နိုင်ငံတကာ အားကစား သတင်းများ




## ဆော်ဒီစူပါဖလားဗိုလ်လုပွဲအဆင့်သို့ အယ်လ်နာဆာအသင်း တက်ရောက်

**လန်ဒန် ဩဂုတ် ၁၅**

ဆော်ဒီစူပါဖလား ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် အယ်လ်နာဆာအသင်းနှင့်အယ်လ်တာဝန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အယ်လ်နာဆာအသင်းက အယ်လ်တာဝန်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့သည်။

အယ်လ်နာဆာအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၈မိနစ်တွင် ယာယာ၊ ပွဲချိန် ၅၇ မိနစ်တွင် စီရော်နယ်လ်ဒိုတို့က အသီးသီး သွင်းယူပေးခဲ့သည်။

အယ်လ်နာဆာအသင်းသည် ဆော်ဒီစူပါဖလား ဗိုလ်လုပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၁၇ ရက် မြန်မာစံတော်ချိန် ည ၁၀နာရီ ၄၅မိနစ်တွင် အယ်လ်ဟီလာအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **(အပေါ်ပုံ)**

**(NGB)**

## အန်တိုနီယိုနူဆာ လိုက်ပဇစ်အသင်းတွင် ကျောနံပါတ် ၇ ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**မြူးနစ် ဩဂုတ် ၁၅**

တောင်ပံကစားသမား အန်တိုနီယိုနူဆာ လိုက်ပဇစ်အသင်းတွင် ကျောနံပါတ် ၇ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ တောင်ပံကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ကလပ်ဘရုဂျ်အသင်းမှ လိုက်ပဇစ်အသင်းသို့ ငါးနှစ်စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။

တောင်ပံကစားသမား အန်တိုနီယိုနူဆာသည် ကလပ်ဘရုဂျ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၆ပွဲကစားပြီး လေးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လိုက်ပဇစ်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၁၉)နှစ်အရွယ်ရှိ အန်တိုနီယိုနူဆာက "ကျွန်တော် လိုက်ပဇစ်အသင်းမှာ ကျောနံပါတ် ခုနစ်ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ ဒီအသင်းနဲ့အတူ ပုံမှန်ပွဲထွက်ခွင့်ရရှိအောင်လည်း ကြိုးစားသွားမှာပါ။ ကျွန်တော်ကို နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ **(ဝဲပုံ)(NGB)**






## ဘရူနိုဖာနန်ဒက်ဇ် မန်ချက်စတာယူနိုက်တက်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မန်ချက်စတာ ဩဂုတ် ၁၅**

မန်ချက်စတာယူနိုက်တက်အသင်းသည် အသင်း အဓိက ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်ဇ်အား ၂၀၂၇ ခုနှစ်+၁ နှစ်ထပ်မံသက်တမ်းတိုးခွင့်ဖြင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ ကွင်းလယ်ကစားသမားသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၃၄ ပွဲကစားကာ ၇၉ ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။


အသက်(၂၉)နှစ်အရွယ်ရှိ ဘရူနိုဖာနန်ဒက်ဇ်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ လာမည့် ရာသီသစ်မှာလည်း ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေ ရယူသွားလိုပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။**(NGB)**

## အော်စကာဘော့ဘ်ခြေထောက်အရိုးကျိုးဒဏ်ရာကြောင့် ကာလရှည် အနားယူရဖွယ်ရှိ

**မန်ချက်စတာ ဩဂုတ် ၁၅**

မန်ချက်စတာစီးတီးအသင်း လူငယ်ကြယ်ပွင့် ကစားသမား အော်စကာဘော့ဘ် ခြေထောက်အရိုးကျိုးဒဏ်ရာကြောင့် ကာလရှည် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ကစားသမားသည် အသင်း၏ ခြေစမ်းပွဲစဉ်များတွင် ပါဝင်ကစားရင်း ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ခြင်း ဖြစ်သည်။



လူငယ်ကြယ်ပွင့် ကစားသမား အော်စကာဘော့ဘ်ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် မန်ချက်စတာစီးတီးအသင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။ **(ဝဲပုံ)**

အသက်(၂၁)နှစ်အရွယ်ရှိ အော်စကာဘော့ဘ်သည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက ပြိုင်ပွဲစုံ ၂၆ပွဲ ကစားကာ ၂ဂိုး သွင်းယူထားသည်။ **(NGB)**

## 2024 Barranquilla Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Nadia Podoroska တက်ရောက်

**လန်ဒန် ဩဂုတ် ၁၅**

ကိုလံဘီယာနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Barranquilla Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ အာဂျင်တီးနားတင်းနစ်မယ် Nadia Podoroska တက်ရောက်ခဲ့သည်။

အဆိုပါ အာဂျင်တီးနားတင်းနစ်မယ် Nadia Podoroska သည် 2024 Barranquilla Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် တရုတ်တင်းနစ်မယ် Xinyu Gao အား ၆-၁၊ ၆-၀ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 Barranquilla Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အာဂျင်တီးနားတင်းနစ်မယ် Nadia Podoroska နှင့် ဂျော်ဂျီယာတင်းနစ်မယ် Mariam Bolkvadze တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(အောက်ပုံ)(NGB)**



## ဆက်ဇ်နီအားခေါ်ယူရန် မွန်ဇာအသင်း စီစဉ်

**တူရင် ဩဂုတ် ၁၅**

မွန်ဇာအသင်းသည် ဂျူဗင်တပ်အသင်းနှင့် လမ်းခွဲခဲ့သည့် ဂိုးသမား ဆက်ဇ်နီအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၄)နှစ်အရွယ်ရှိ ဂိုးသမားသည် ဂျူဗင်တပ်အသင်းနှင့်အတူ ၂၀၁၇-၂၀၁၈ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၅၂ပွဲ ကစားပြီး အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် မွန်ဇာအသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။ **(ယာပုံ)**

ဂိုးသမား ဆက်ဇ်နီကလည်း မွန်ဇာအသင်း ကမ်းလှမ်းလာမှုကို လက်ခံသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် မွန်ဇာအသင်း အနေဖြင့် ဂိုးသမား ဆက်ဇ်နီအား ရရှိအောင် ခေါ်ယူနိုင်မည်လား ဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။ **(NGB)**



## အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁) နိုင်ကမ္ဘာ

**မန်ယူ - ဖူလ်ဟမ်**

ဩဂုတ် ၁၇ ရက်(စနေနေ့)နံနက် ၀၁:၃၀ နာရီ

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | |
|---|---|---|---|---|---|
| ၂၀၂၀-၂၁ | မန်ယူ | ၁-၁ | ဖူလ်ဟမ် | ၁-၂ | မန်ယူ |
| ၂၀၂၂-၂၃ | " | ၂-၁ | " | ၁-၂ | " |
| ၂၀၂၃-၂၄ | " | ၀-၁ | " | ၀-၁ | " |

**နှစ်သင်း၏နောက်ဆုံးခြေစမ်းပွဲရလဒ်များ**

| | | | | | |
|---|---|---|---|---|---|
| မန်ယူ | ၃-၂ | ဘက်တစ် | ဘင်ဖီကာ | ၀-၁ | ဖူလ်ဟမ် |
| မန်ယူ | ၀-၃ | လီဗာပူး | ဖူလ်ဟမ် | ၁-၂ | ဆီဗီလာ |
| မန်စီးတီး | ၁-၁ | မန်ယူ | ဟော့ဖန်ဟိမ်း | ၀-၂ | ဖူလ်ဟမ် |

(ပင်နယ်တီ ၇-၆ ဖြင့် မန်စီးတီးနိုင်)

မန်ယူတို့ အဖွင့်ပွဲစဉ်တွင် ဖူလ်ဟမ်ကို ပြတ်သားစွာ အနိုင်ယူပြမည့် ပွဲဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ ပွဲရလဒ်**

မန်ယူ-နိုင်၊နိုင်၊နိုင်၊ရှုံး၊ရှုံး

ဖူလ်ဟမ်-ရှုံး၊နိုင်၊နိုင်၊ရှုံး၊နိုင်

## စပိန်လာလီဂါ အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၆-၈-၂၀၂၄ သောကြာနေ့ | ည၁၁:၃၀နာရီ | ဆဲလ်တာဗီဂို - အလာဗက်စ် | ဆဲလ်တာဗီဂို ၁-၁ အလာဗက်စ်<br>အလာဗက်စ် ၃-၀ ဆဲလ်တာဗီဂို |
| ၁၇-၈-၂၀၂၄ စနေနေ့ | နံနက်၀၂:၀၀နာရီ | လာ့ပေါလ်မက် - ဆီဗီလာ | လာ့ပေါလ်မက် ၀-၂ ဆီဗီလာ<br>ဆီဗီလာ ၁-၀ လာ့ပေါလ်မက် |

## ၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၇) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(နောက်ဆုံး ၅ပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၆-၈-၂၀၂၄ သောကြာနေ့ | ညနေ၃:၃၀နာရီ (ရန်ကုန်ကွင်း) | (၂)ဟံသာဝတီ - ရှမ်း(၁)<br>(W,D,W,W,W) (W,W,W,D,W) | ဟံသာဝတီ ၁-၂ ရှမ်း<br>ရှမ်း ၂-၁ ဟံသာဝတီ |
| " | ညနေ၃:၃၀နာရီ (ပုသိမ်ကွင်း) | (၈)ဒဂုံ - ရခိုင်(၁၂)<br>(W,L,L,D,W) (L,L,D,L,L) | ———— |

## အင်္ဂလိပ် ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပွဲစဉ်-၁ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၇-၈-၂၀၂၄ စနေနေ့ | နံနက်၀၁:၃၀နာရီ | (၁၆)ကိုဗင်ထရီ - အောက်ဖို့ဒ်(၆)<br>(L) (W) | ကိုဗင်ထရီ ၆-၂ အောက်ဖို့ဒ်<br>(၆-၁-၂၀၂၄ အက်ဖ်အေဖလား) |

## ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၇-၈-၂၀၂၄ စနေနေ့ | နံနက်၀၁:၁၅နာရီ | လီဟာဗာ - PSG | လီဟာဗာ ၀-၂ PSG<br>PSG ၃-၃ လီဟာဗာ |

## မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနနှင့် ခရိုင်၊ မြို့နယ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနနှင့်ခရိုင်၊ မြို့နယ် မီးသတ်ဦးစီးဌာနများ ဦး၊ ရေး၊ ထောက်၊ ငွေစာရင်း၊ အင်ဂျင်နီယာအဖွဲ့များ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၈၁လမ်းနှင့် ၂၉လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ဗဟိုမီးသတ်စခန်းအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်း၊ မန္တလေးခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်ကိုကိုနှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ အင်ဂျင်နီယာအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းက ဦး၊ ရေး၊ ထောက်နှင့် ငွေစာရင်းဆိုင်ရာများကို ပြောကြားပြီး တက်ရောက်လာသော ခရိုင်နှင့်မြို့နယ် မီးသတ်ဦးစီးမှူးများ၊ အင်ဂျင်နီယာအဖွဲ့များ၏ တင်ပြချက်များကို တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးက ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)(၀၄၅)**





## လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ဇေယျာသီရိ ဩဂုတ် ၁၅**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ဇေယျာသီရိမြို့နယ်၌ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၃ရက် နံနက်ပိုင်းက ပြည်သူ့စာကြည့်တိုက်အတွင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နွယ်နွယ်အောင်က ကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များအနေဖြင့် ဘက်စုံထူးချွန်သည့် လူရည်ချွန်၊ လူရည်မွန်များ ဖြစ်လာစေရန်နှင့် နောင်တစ်ချိန်တွင် နိုင်ငံတော်က အားထားရသည့် လူကောင်းလူတော်များ ဖြစ်လာစေရန်နှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ယခုလို ဟောပြောပွဲပြုလုပ်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းနောက် ဇေယျာသီရိမြို့နယ် စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်းဝင် စာရေးဆရာ စိန်ဝင်းနွယ်က အောင်မြင်ခြင်းနှင့် တစ်နာရီ၊ စာရေးဆရာ ရဲမွန်ကျော်က ဖိုးမောင်နှလုံးသား၊ နေပြည်တော်စာပေဝိုင်းမှ စာရေးဆရာမ ချယ်ချယ် (YU)က လူငယ်နှင့် အားသာချက် ခေါင်းစဉ်များဖြင့် ဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးခဲ့သည်။

အဆိုပါဟောပြောပွဲသို့ ပြည်စံအောင် အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)မြို့နယ်(ပြန်/ဆက်)**

## စာကြည့်တိုက်များ ဆောက်လုပ်မှု ကွင်းဆင်းကြည့်ရှု

**အောင်လံ ဩဂုတ် ၁၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာကြည့်တိုက် ဆောက်လုပ်ခြင်းလုပ်ငန်းအား ယမန်နေ့က ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်နိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသိန်း၊ ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**
**အာကာ(ပြန်/ဆက်)**



## ဓာတ်မြေဩဇာပုံ့ပိုးပေးအပ်ပွဲနှင့် စပါးမျိုးစေ့ထုတ် နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**ဟုမ္မလင်း ဩဂုတ် ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဟုမ္မလင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် မိုးစပါးမျိုးစေ့ထုတ် တောင်သူများကို ဓာတ်မြေဩဇာပံ့ပိုးပေးအပ်ပွဲနှင့် စပါးမျိုးစေ့ထုတ်နည်းပညာ သင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီက အဆိုပါရုံးအစည်းအဝေးခန်းမတွင် ပြုလုပ်သည်။

အခမ်းအနားတွင် ဟုမ္မလင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်တို့က အဖွင့်အမှာစကားများအားလည်းကောင်း၊ ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စုစုထွေးက မိုးစပါးမျိုးစေ့ထုတ်နည်းပညာသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များအားလည်းကောင်းပြောကြားခဲ့ပြီး တောင်သူများအား မျိုးစပါးမျိုးစေ့ ဓာတ်မြေဩဇာများပေးအပ်ခဲ့သည်။

ထို့နောက် ဟုမ္မလင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမိုးမင်း၊ လက်ထောက်ဦးစီးမှူး ဦးယောထန်နှင့် ဒုတိယလက်ထောက်ဦးစီးမှူး ဒေါ်ဇာဇာလှိုင်တို့က သီးနှံများ အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရန် လာနီညာ ရာသီဥတုဖြစ်ပေါ်မှုအပေါ် စိုက်ပျိုးရေးကဏ္ဍမှ ကြိုတင်ပြင်ဆင် ဆောင်ရွက်မည့်နည်းလမ်းများ၊ မိုးစပါးမျိုးစေ့ထုတ်လုပ်ခြင်းဆိုင်ရာ နည်းပညာများ၊ သီးနှံဖျက်ကြွက် ကာကွယ်နှိမ်နင်းရေးဆိုင်ရာအကြောင်းအရာများအား အသီးသီး ရှင်းလင်းပို့ချခဲ့ပြီး တောင်သူများ၏ သိလိုသည့် မေးမြန်းမှုများအား ပြန်လည်ဆွေးနွေးခဲ့ကြသည်။

အဆိုပါမိုးစပါးမျိုးစေ့ထုတ်တောင်သူများအား ဓာတ်မြေဩဇာပံ့ပိုးပေးအပ်ပွဲနှင့် စပါးမျိုးစေ့ထုတ်နည်းပညာ သင်တန်းဖွင့်ပွဲသို့ ဟုမ္မလင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးသိန်းဇော်နှင့်အဖွဲ့ဝင်များ၊ ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စုစုထွေးနှင့် ဦးစီးအရာရှိများ၊ ကျေးရွာများမှ တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)(၀၅၇)**



## မင်းဘူးခရိုင်၌ ယခုနှစ်မိုးစပါးကို ဧကပေါင်း ၁၇၀၀၀၀ကျော် လျာထားစိုက်ပျိုး

**မင်းဘူး ဩဂုတ် ၁၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်ငါးခု၌ ယခုနှစ် စိုက်ပျိုးရာသီတွင် ဆန်၊ စပါး ဖူလုံစေရန် မိုးစပါးကို ဧကပေါင်း ၁၇၀၀၀၀ ကျော် စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိပြီး ယနေ့အထိ ဧကပေါင်း ၉၀၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထိုသို့စိုက်ပျိုးရာတွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွက် မင်းဘူး(စကု)မြို့နယ်၌ ၄၀၉၃၂ ဧက၊ ပွင့်ဖြူမြို့နယ်၌ ၆၉၉၄၄ ဧက၊ စလင်းမြို့နယ်၌ ၄၇၆၇၇ ဧက၊ ငဖဲမြို့နယ်၌ ၉၃၅၆ ဧကနှင့် စေတုတ္တရာမြို့နယ်၌ ၅၆၇၈ ဧကဖြင့် မင်းဘူးခရိုင်၌ စုစုပေါင်း ၁၇၃၅၈၇ ဧကအထိ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိပြီး အစိုးရဆည်တမံများမှ မိုးစပါးအတွက် စိုက်ပျိုးရေမျာကို ၂၀၂၄ ခုနှစ်၊ ဇွန်လတတိယအပတ်မှ စတင်ဖြန့်ဝေပေးလျက်ရှိသည်။

မင်းဘူးခရိုင်အတွင်းရှိ ဒေသခံတောင်သူများသည် မိုးစပါးစိုက်ပျိုးရာ၌ ဆည်ရေသောက်ဧရိယာများနှင့် မိုးကောင်းသောက် ဧရိယာများတွင် အစိုးရဆည်တမံ၊ လျှပ်စစ်ရေတင်၊ မြေအောက်ရေ၊ ရေစုပ်စက်၊ ဆည်ငယ်ကန်ငယ်၊ မိုးရေသောက်စနစ်စသည့် ရေရရှိရေး နည်းလမ်းခြောက်ခုဖြင့် စိုက်ပျိုးစနစ် နည်းလမ်းမျိုးစုံ အသုံးပြု၍ ဒေသစုံစိုက်ပျိုးလျက်ရှိကြောင်း၊ အများဆုံးရွေးချယ်စိုက်ပျိုးသော စပါးမျိုးများမှာ ဈေးကွက်အရ အရည်အသွေးကောင်း ဧရာမင်းနှင့် အထွက်ကောင်း စပါးမျိုးများဖြစ်သည့် မနောသုခ၊ ဆင်းသုခ၊ ရတနာတိုး၊ ပခန်းရွှေဝါ၊ ဆာဖိုးသာ၊ GW-11 စပါးမျိုးများအပြင် ရေအနည်းလို-၇ နှင့် ရက်-၉၀ စပါးမျိုးများကိုလည်း ပိုမိုတိုးချဲ့စိုက်ပျိုးလာကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

မင်းဘူးခရိုင်၌ ၂၀၂၄-၂၀၂၅ခုနှစ် စိုက်ပျိုးရာသီတွင် မိုးစပါးကို ဧကပေါင်း ၁၇၃၅၈၇ ဧကစိုက်ပျိုးရန် စီမံကိန်းလျာထားဆောင်ရွက်လျက်ရှိပြီး ဩဂုတ် ၁၅ ရက်အထိ ခရိုင်အတွင်းရှိ မြို့နယ်ငါးခုတွင် ဧကပေါင်း ၉၃၈၇၉ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ မိုးစပါးစိုက်ပျိုးချိန် စီမံကိန်းလျာထားဧက ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးနှင့် စပါးအထွက်နှုန်းတိုးတက်ကောင်းမွန်ရေးတို့အတွက် တောင်သူပညာလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**(ဝဲပုံ)(၅၀၀)**



## စာကြည့်တိုက်များ အကောင်အထည်ဖော်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ




**သရက် ဩဂုတ် ၁၅**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ စာကြည့်တိုက်များ အကောင်အထည်ဖော်ရေး ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက်(Community Centre) ခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အဖွင့်အမှာစကားပြောကြားရာမှာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်ဖြစ်သည့် နိုင်ငံသားများ အသိပညာမြင့်မားအောင် ဆောင်ရွက်ကြရန်အတွက် စာကြည့်တိုက်များ၏ အခန်းကဏ္ဍနှင့် စာကြည့်တိုက်ယဉ်ကျေးမှု ထွန်းကားရေးကို စာကြည့်တိုက်ကော်မတီဝင်အားလုံးက ဆောင်ရွက်ပေးသွားရမှာဖြစ်ကြောင်းနှင့် မြို့နယ်စာကြည့်တိုက်များ အကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအနေဖြင့် မိမိတို့ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်များ၏ အခန်းကဏ္ဍနှင့် စာကြည့်တိုက်ယဉ်ကျေးမှုထွန်းကားရေးကို ကြိုးစားဆောင်ရွက်ပေးကြရန် ပြောကြားခဲ့ပြီး ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေက ခရိုင်အတွင်း ငွေကျပ်သိန်း ၁၅၀ ဖြင့် စာကြည့်တိုက်ဆောက်လုပ်နေမှုအခြေအနေနှင့် စာကြည့်တိုက်များသို့ စာအုပ်များ လှူဒါန်းထားရှိမှုအခြေအနေများအား တင်ပြပေးခဲ့သည်။ (ဝဲပုံ)

ထို့နောက် သရက်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးချမ်းငြိမ်းအေးက စံညီစာကြည့်တိုက်(၁၆)တိုက်သို့ စာအုပ်များ လှူဒါန်းထားလျက်ရှိကြောင်း ပြောကြားခဲ့ပြီး မင်းတုန်းမြို့နယ်၊ ကံမမြို့နယ်နှင့် မင်းလှမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့မှ ငွေကျပ်သိန်း ၁၅၀ ဖြင့် ဆောက်လုပ်နေသည့် စာကြည့်တိုက်အခြေအနေများကို တင်ပြခဲ့သည်။ ယင်းနောက် ကော်မတီဝင်များ၏ တင်ပြဆွေးနွေးမှုအပေါ် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြားပေးခဲ့ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**



## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်

**မိုင်းခတ် ဩဂုတ် ၁၅**

ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းနေအရွယ်ကလေးများ အားလပ်သည့်အချိန်တွင် စာကြည့်တိုက်၌ အချိန်ကို အကျိုးရှိစွာ အသုံးချစေရေး၊ စာဖတ်သည့် အလေ့အထကောင်းများရရှိစေရေးနှင့် စဉ်းစားတွေးခေါ်မှု မြင့်မားစေရေးအတွက် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြသခြင်းနှင့် သုတ၊ ရသစာအုပ်များ ပြသခြင်းကို ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီခွဲက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre)ခန်းမ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မိုင်းခတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စာကြည့်တိုက်လက်ထောက်-၃ ဒေါ်နန်းခင်ညွန့်က ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ကလေးအလုပ်သမား၏ အဓိပ္ပာယ်နှင့်စာဖတ်ခြင်း၏ အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြော၍ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူအရွယ်ကလေးများက သုတ၊ ရသစာအုပ်များနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များအား စိတ်ဝင်စားစွာ လေ့လာကြည့်ရှုကြပြီး မိမိကြိုက်နှစ်သက်ရာ စာအုပ်များ ငှားရမ်းခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)မြို့နယ်(ပြန်/ဆက်)**

## အားကစားနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြော၊ အားကစားပစ္စည်းများ ပေးအပ်

**မန္တလေး ဩဂုတ် ၁၅**

မန္တလေး၊ မဟာအောင်မြေ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးမှူးရုံးတို့ ပူးပေါင်း၍ အားကစားနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီခွဲက မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၂၈)အခြေခံပညာအလယ်တန်းကျောင်းတွင် ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီးမှ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားမှူး ဦးရဲမွန်မှ အားကစားနှင့်လူငယ်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက စာဖတ်ခြင်းမှရရှိသည့် အကျိုးကျေးဇူးအကြောင်း အသီးသီးဟောပြောသည်။

ထို့နောက် မြို့နယ်အားကစားမှူးမှ အမှတ်(၂၈)အခြေခံပညာအလယ်တန်းကျောင်းအတွက် အားကစားပစ္စည်းများအား ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ) (ဝ၄၅)**



## စားသုံးဆီအား သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချပေး

**တပ်ကုန်း ဩဂုတ် ၁၅**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်တွင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းဝင် ဦးအောင်သူဖြိုး(ရွှေကလပ် ကုန်စုံဆိုင်)မှ စားသုံးဆီလိုအပ်သည့် ပြည်သူများကို ယမန်နေ့ နံနက်ပိုင်းက သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချပေးခဲ့သည်။

အဆိုပါကုန်စုံဆိုင်တွင် ကျေးရွာအုပ်စုခြောက်အုပ်စုမှ လက်လီရောင်းချသောဆိုင်များနှင့် အောင်ဇေယျရပ်ကွက်အတွင်းရှိ အိမ်ထောင်စုများအတွက် စုစုပေါင်း ဆီပိဿာချိန် ၅၅၀ ပိဿာကို တစ်ပိဿာလျှင် ၆၂၂၅ ကျပ်နှုန်းဖြင့် ရောင်းချပေးကြောင်း သိရသည်။

**(အောက်ပုံ)မြို့နယ်(ပြန်/ဆက်)**



## ပြည်ပတင်ပို့နိုင်သည့် အရည်အသွေးကောင်းသကြားပမာဏနည်းလာ ပြည်တွင်းသကြားဈေးတည်ငြိမ်နေ

ပြည်တွင်းထွက်ရှိသည့် သကြားများတွင် ပြည်ပတင်ပို့နိုင်သည့် အရည်အသွေးမီ သကြားဖြူ ပမာဏ နည်းလာတာကြောင့် ပြည်ပနိုင်ငံများသို့ တင်ပို့မှုလည်း နည်းလာနိုင်သည်။

၂၀၂၃-၂၀၂၄ ကြံရာသီတွင် ထုတ်လုပ်ခဲ့သည့် သကြားများမှာ ရာသီနောက်ကျကြိတ်ဝါးမှုများကြောင့် အရည်အသွေးကောင်း ပထမအဆင့် သကြားဖြူထွက်ရှိသည့်ပမာဏ နည်းပါးခဲ့ပြီး ဒုတိယတန်းစား သကြားများသာ ပိုမိုထွက်ရှိခဲ့ကြောင်း၊ သို့ဖြစ်၍ ပို့ကုန်သကြားတင်ပို့မှုလျော့နည်းနိုင်ပြီး ပြည်တွင်းတွင်သကြားပိုလျှံမှုများနေနိုင်ကြောင်း မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌ ဦးဝင်ဌေးက ပြောသည်။

"သကြားရာသီအသစ်ပြီးပြီးချင်းမှာ သကြားတန်ချိန် တစ်သိန်းကျော် တင်ပို့ထားခဲ့ပြီး နောက်ပိုင်းမှာ အရည်အသွေးကောင်းသကြားဖြူပမာဏက နည်းသွားတော့ တင်ပို့ဖို့ လျော့နည်းနိုင်ပါတယ်။ ပြီးခဲ့တဲ့ ကြံရာသီမှာ စက်ရုံတွေက နောက်ကျလည်ပတ်တာတွေရှိတော့ သကြားအရည်အသွေး ကျဆင်းတာတွေရှိခဲ့တာပါ။ အရည်အသွေး ဒုတိယအဆင့်သကြားတွေ ပိုမိုထွက်ရှိခဲ့လို့ ပြည်တွင်းမှာ သကြားလက်ကျန်ပိုမိုနိုင်တဲ့သဘောပါ။ နိုင်ငံတင်ပို့တဲ့ အရည်အသွေးမီ သကြားကတော့ နည်းသွားပါပြီ" ဟု ၄င်းက ပြောသည်။

ပြည်တွင်းသကြားဈေး လက်ရှိမှာ တည်ငြိမ်မှုရှိနေပြီး ဩဂုတ် ၁၅ ရက်တွင် မန္တလေးဈေးကွက်တွင် ပေါင်းသကြား တစ်ပိဿာ ငွေကျပ် ၄၅၀၀-၄၇၅၀၊ ခါသကြား တစ်ပိဿာ ၃၈၀၀-၃၉၀၀ ပေါက်ဈေး ရှိနေသည်။

ပြည်တွင်းမုန့်လုပ်ငန်းများတွင် သကြားဖြူကို သုံးစွဲကြသလို၊ ပြည်တွင်းနို့ဆီချက်လုပ်ငန်းများတွင် ဒုတိယတန်းအရည်အသွေးသကြားများကို အသုံးပြုမှုပိုများသည်။

ယခုနှစ်ကြံရာသီတွင် မြန်မာနိုင်ငံတစ်ဝန်းမှ သကြားတန်ချိန် ၁၀သိန်းကျော်ထွက်ရှိခဲ့ပြီး ပြည်ပသို့ တန်ချိန်တစ်သိန်းကျော်သာ တင်ပို့ထားနိုင်ပြီး ပြည်တွင်းလက်ကျန်သကြားပမာဏ ပိုလျှံနိုင်ကာ ပြည်တွင်းသကြားဈေး တည်ငြိမ်နေကြောင်း သိရသည်။ **ရွှေမန်း**



# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်

## အသစ်ဝင်မြေပဲဆန်များ ဈေးကွက်တွင်း ဝင်ရောက်လာတာကြောင့် ဈေးအနည်းငယ်ကျဆင်းလာ



အသစ်ဝင် မြေပဲဆန်များ ဈေးကွက်တွင်း ဝင်ရောက်လာတာကြောင့် ဈေးအနည်းငယ်ကျဆင်းလာကြောင်း ပဲ၊ နှမ်းကုန်သည်များထံမှ သိရသည်။

ပဲ၊ နှမ်းဈေးကွက်အတွင်း ပို့ကုန်ပဲများအပါအဝင် ပြည်တွင်းသုံးကုလားပဲအုပ်စု အမြင့်ဆုံးဈေးများ ရောက်ရှိခဲ့ပြီး နိုင်ငံခြားငွေဈေးကျဆင်းမှုနှင့်အတူ အနည်းငယ်ပြန်လည်ကျဆင်းသွားရာ ပဲအမျိုးအစားအလိုက် အနည်းငယ်ကျဆင်းသွားသော်လည်း လက်ကျန်မြေပဲဆန် အဟောင်းများမှာ တစ်ပိဿာ ငွေကျပ် ၁၁၀၀၀ ထိ ပေါက်ဈေးရှိလာသည်။

ဩဂုတ်လတတိယသီတင်းပတ်အစတွင် ဈေးမြင့်တက်နေသည့် မြေပဲဆန်အနည်းငယ်ကျဆင်းသွားကြောင်း တစ်ပိဿာ ငွေကျပ် ၁၀၀၀၀ ကျော် ပေါက်နေသည့် မြေပဲဆန်မှာ အသစ်ဝင်ရောက်မှုများရှိလာတာကြောင့် မြေပဲဆန်အသစ်များမှာ ဈေးအနည်းငယ်ကျဆင်းသွားကြောင်း၊ ပြည်တွင်းနှမ်းမျိုးစုံမှာလည်း ဈေးမြင့်တက်နေကြောင်း ပြည်တွင်းသုံးကုလားပဲ အုပ်စုနှင့် ပဲမာလိုင်းများလည်း အရောင်းအဝယ်ခပ်သွက်သွက်ဖြစ်လာကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

“ပဲနှမ်းဈေးကွက်အတွင်း ပို့ကုန်ပဲများ အပါအဝင် ဈေးကွက်တစ်ခုလုံး ဈေးမြင့်တက်လာပါတယ်။ ဩဂုတ် ၁၃ ရက်က အမြင့်ဈေးတန်းတွေဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်း နိုင်ငံခြားငွေဈေးပြန်လည်ကျဆင်းမှုများ ဖြစ်လာတော့ ဈေးတန်းအနည်းငယ်ပြန်အေးလာပါတယ်။အသစ်ဝင် မြေပဲဆန်တွေ ရမည်းသင်း၊ တပ်ကုန်းကနေ အဝင်ရှိလာတော့ မြေပဲဆန်က ဈေးအတက်ရပ်သွားပါတယ်။ မြေပဲဆန်အသစ်တွေကတော့ တစ်ပိဿာ ငွေကျပ် ၁၀၀၀၀ အောက်ရောက်သွားပါတယ်။ နှမ်းမျိုးစုံကတော့ ဈေးကောင်းရ အဝယ်သွက်နေပါတယ်။ ပို့ကုန်ပဲတွေမှာလည်း ပဲတီစိမ်းအညာတွေ ဈေးမြင့်တက်လာပါတယ်။”ဟု ၎င်းက ပြောသည်။

ဩဂုတ် ၁၅ ရက်တွင် ပို့ကုန် မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၄၅၅၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်းအညာတစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀ ဈေးမြင့်တက်လာသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဈေးနှုန်းသိသိသာသာ မြင့်တက်လာသည်။ လက်ရှိဈေးတန်းက အမြင့်ဈေးတန်း ဖြစ်လာရာ ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀ အသီးသီးဈေးမြင့်တက်လာသည်။

မြေပဲဆန်နှင့် နှမ်းမျိုးစုံ ဆက်လက်ဈေးမြင့်တက်နေရာ ဩဂုတ် ၁၅ ရက်တွင် ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀၊ ပဲပုပ်(ရှမ်း)တစ်အိတ်လျှင် ငွေကျပ် ၃၉၀၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၄၄၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ ပေါက်ဈေးရှိနေသည်။

ဩဂုတ် ၁၅ ရက်တွင် နှမ်းမျိုးစုံပေါက်ဈေး ဆက်လက်မြင့်တက်နေရာ နှမ်းနက်(စမုန်)တစ်အိတ်လျှင် ငွေကျပ် ၆၈၀၀၀၀၊ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄၇၅၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃၉၀၀၀၀၊ ပန်းနှမ်းတစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀၊ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

**ရွှေမန်း**



## ပို့ကုန်သမားများနှင့် ပြည်တွင်းဆီစက်များ ဝယ်ယူမှုကောင်းနေတာကြောင့် နှမ်းမျိုးစုံဈေး မြင့်တက်လာ

ဇူလိုင်လကုန်ပိုင်းကတည်းက နှမ်းမျိုးစုံဈေးတဖြည်းဖြည်း မြင့်တက်လာရာ နှမ်းနက်(စမုန်) တစ်အိတ်လျှင် ငွေကျပ် ၆၈၀၀၀၀ ကျော်ထိ ပေါက်ဈေးဖြစ်လာသည်။

ဩဂုတ် ၁၅ ရက်တွင် နှမ်းနက်နှင့်နှမ်းဖြူတို့ကို ပြည်ပဝယ်ယူမှုများရှိနေပြီး အက်ဆစ်လွတ်နှမ်းတွေကတော့ ဈေးကောင်းရရှိနေကြောင်း ဆောင်းနှမ်းလက်ကျန်ဈေးကွက်ထဲ နည်းလာပြီး နွေနှမ်းများ အရောင်းအဝယ်ကောင်းနေကြောင်း နှမ်းကုန်သည်တစ်ဦးက ပြောသည်။

“နှမ်းက ဆီလိုအပ်ချက်ကြောင့် ပြည်တွင်းဆီစက်တွေက ဝယ်ယူသလို ပို့ကုန်သမားတွေကလည်း ဈေးကို စောင့်ကြည့်ဝယ်ယူနေလို့ တဖြည်းဖြည်း ဈေးမြင့်တက်လာပါတယ်။ ငွေဈေးကိုကြည့်ပြီး ပစ္စည်းဝယ်ယူထားကြတဲ့သဘောမျိုးနဲ့ ဝယ်ယူနေကြတာပါ။ ဆောင်းနှမ်းက လက်ကျန်နည်းတော့ အသစ်ဝင် နွေနှမ်းတွေက အရောင်းအဝယ်ပိုသွက်နေပါတယ်”ဟု ၎င်းက ပြောသည်။

ဇူလိုင်လအတွင်းက နှမ်းထွက်ရှိရာ ဒေသအချို့တွင် ရေနှစ်မြုပ်မှုများကြောင့် နှမ်းစိုက်ဧကများ ပျက်စီးမှုရှိလို့ အထွက်နှုန်းလျော့နိုင်တာကြောင့်လည်း နှမ်းဈေးက မြင့်တက်လာခြင်းဖြစ်သည်။

နွေစပါးရာသီနှင့်အတူ စိုက်ပျိုးသည့် နွေနှမ်းမှာ ယခုနှစ်နှမ်းအကြိုက်ရာသီဥတုဖြစ်ခဲ့တာကြောင့်လည်း တောင်သူများ နှမ်းအထွက်နှုန်းကောင်းမွန်စွာ ရရှိပြီး ဈေးကောင်းလည်းရရှိတာကြောင့် နှမ်းစိုက်တောင်သူများ အကျိုးအမြတ်ကောင်းသည့်နှစ်ဖြစ်သည်။ ယခုနှစ် နှမ်းစိုက်တောင်သူများ တစ်ဧကလျှင် အနည်းဆုံး ၁၀ တင်းမှာ အများဆုံး ၁၅ တင်းအထိ ထွက်ရှိကြောင်း အမရပူရမြို့နယ်၊ သာလှအေးကျေးရွာမှ နှမ်းစိုက်တောင်သူတစ်ဦးက ပြောသည်။

မန္တလေးဈေးကွက်မှာ ဩဂုတ် ၁၅ ရက်တွင် နှမ်းနက်(စမုန်) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀၀-၆၈၀၀၀၀ ကြား၊ နှမ်းဖြူ(ဂျပန်)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၇၀၀၀၀-၄၇၅၀၀၀၊ နှမ်းညိုသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀-၃၉၀၀၀၀ ပေါက်ဈေးရှိနေပြီး နှမ်းအမျိုးအစားအလိုက် ယခင်လထက် တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀ ကျော် ဈေးမြင့်တက်လာကြောင်း သိရသည်။

**ရွှေမန်း**

## မှတ်ပုံတင်ထားသော ဆန်စပါးသိုလှောင်ရုံ ၃၀၀၀ ကျော်ထိ ရှိလာ

ဆန်စပါးဈေးကွက်တွင် ဖြစ်သင့်ဖြစ်ထိုက်သော ဈေးနှုန်းဖြင့် အရောင်းအဝယ်ပြုလုပ်နိုင်ရန်အတွက် ဆန်စပါးသိုလှောင်ရောင်းချသူများအား(Myanmar Rice Online-MyRo)တွင် မှတ်ပုံတင်ကြရမည်ဖြစ်ရာ ဇူလိုင်လကုန်ထိ မှတ်ပုံတင်ထားသော ဆန်စပါးသိုလှောင်ရုံ ၃၀၀၀ ကျော်ရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။

ဆန်တန်ချိန် ၅၀(သို့မဟုတ်) စပါးတင်း ၅၀၀၀ နှင့် အထက် သိုလှောင်သူများအနေဖြင့် MyRo တွင် မှတ်ပုံတင်ရမည်ဖြစ်ကြောင်း ၂၀၂၃ ခုနှစ် နိုဝင်ဘာလက အသိပေးကြေညာခဲ့ကြောင်း ယင်းအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ဆန်စပါး သိုလှောင်ရောင်းချသူတွေထဲမှာ ဆန်တန်ချိန် ၅ ဒါမှမဟုတ် စပါးတင်း ၅၀၀၀ နဲ့ အထက် သိုလှောင်ရုံတွေရှိတဲ့သူတွေ မှတ်ပုံတင်ဖို့ အသိပေးကြေညာပြီးတဲ့နောက် မှတ်ပုံတင်ထားတဲ့ သိုလှောင်ရုံ ၃၀၀၀ ကျော်ရှိ လာပါတယ်။ စီးပွားဖြစ် သိုလှောင်တဲ့သူတွေ မဖြစ်မနေ မှတ်ပုံတင်ရမှာပါ”ဟု ၎င်းက ပြောသည်။

ဆန်စပါးရောင်းချသူများထဲတွင် ဆန်ရောင်းချသည့် ဆိုင်ငယ်များလည်း မှတ်ပုံတင်ရမှာဖြစ်သော်လည်း ၎င်းတို့အတွက် မှတ်ပုံတင်ကြေးကောက်ခံမည်မဟုတ်ကြောင်း၊ ဆန်တန်ချိန် ၅၀(သို့မဟုတ်)စပါးတင်း ၅၀၀၀ နှင့်အထက် စီးပွားဖြစ်အရောင်းအဝယ်ပြုလုပ်သူများမှာ မှတ်ပုံတင်ပြီးနောက် ကုန်ရ၊ ကုန်ထုတ်၊ ကုန်လက်ကျန် လချုပ်စာရင်းပေးသွင်းခြင်းကို လစဉ်လကုန်ပြီး ၇ ရက်အတွင်း နောက်ဆုံးထားတင်ပြရမည် ဖြစ်သည်။

ဆန်စပါးကုန်သည်တစ်ဦးက ပြောကြားရာတွင် “အထူးသဖြင့် ရွှေဘိုပေါ်ဆန်း၊ ဧရာဝတီပေါ်ဆန်း အပါအဝင် ပြည်တွင်းစားသုံးတဲ့ ဆန်၊ စပါးတွေကို စီးပွားဖြစ် သိုလှောင်ရောင်းချသူတွေက My-Ro မှာ သိုလှောင်ရုံနဲ့ ပတ်သက်လို့ မှတ်ပုံတင်ထားဖို့လိုပါတယ်။ ခုလို မှတ်ပုံတင်ပြီး ကုန်လက်ကျန် လချုပ်စာရင်းတင်ပြတော့ ဆန်စပါးလက်ကျန်ဘယ်လောက်ရှိတယ်ဆိုတာ သိနိုင်မယ်”ဟု ဆိုသည်။

**(မန္တလေးနေ့စဉ်-ဇ)**



## ပြည်တွင်းကားဈေးကွက် ပုံမှန်ရှိနေပြီး ကျပ်သိန်း ၄၀၀ အောက်ကားများ ရှားပါးနေ

ပြည်တွင်းကားဈေးကွက်တွင် ရောင်းသူနှင့်ဝယ်သူမှာ မျှခြေအနေအထားတွင် ပုံမှန်ရှိနေပြီး ငွေကျပ်သိန်း ၄၀၀ အောက်ကားများမှာ ရှားပါးနေကြောင်း ကားပွဲစားတစ်ဦးက ပြောသည်။

ပြီးခဲ့သည့် ဇူလိုင်လ ကားဈေးကွက်၌ အရောင်းအဝယ်အေးသည့် အနေအထားတွင်ရှိခဲ့ကာ ဈေးကျဆင်းခြင်းမရှိခဲ့ဟု ဆိုသည်။

“ကားဈေးကွက်မှာ အရောင်းအဝယ် ပုံမှန်အတိုင်းရှိပြီး မော်ဒယ်အမြင့်ရော၊ အနိမ့်ရောဈေးမာနေပါတယ်။ ဈေးကွက်မှာ သိန်း ၄၀၀ အောက်ကားတွေက ရှားပါးနေပြီး အမှန်တကယ် ဝယ်စီးသူတွေထက် ဝယ်ရောင်းတွေပိုများတယ်။ ဘယ်မောင်းတွေကို ၅ ရာခိုင်နှုန်းကျော်လောက် ဈေးဆွဲတင်ပြီး ရောင်းနေကြတာ”ဟု ၎င်းက ပြောသည်။

ကားဈေးကွက်တွင် SKD စနစ်ကားများနှင့် ဘယ်မောင်းကားများက အမြင့်ဈေးရှိနေသောကြောင့် ဂျပန်ကျကားအဟောင်းများကလည်း ဈေးမြင့်လာကြောင်း၊ အနိမ့်ကားများတွင် ငွေကျပ်သိန်း ၄၀၀-၅၀၀ ကြားနှင့် အမြင့်ဈေးတန်းတွင် ငွေကျပ်သိန်း၂၀၀၀-၃၀၀၀ ကားများ အရောင်းဝယ်သွက်သည်။

“ပြည်တွင်းကားဈေးကွက်မှာ ပုံမှန်အရောင်းအဝယ်ရှိနေတယ်လို့ ပြောရမယ်။ ဝယ်လိုအားကောင်းတာက ဘယ်မောင်းကားတွေပါ။ ဈေးကွက်အေးရင် ကားဈေးကျရမှာဖြစ်ပေမယ့် ဈေးမကျတာက ပုံမှန်မဟုတ်ဘူး။ ဝယ်ရောင်းတွေလည်း သိပ်ပြီး မစွန့်စားရဲကြဘူး”ဟု ၎င်းက ပြောသည်။

ကားဈေးကွက် အမြင့်ပိုင်းရောက်နေသောကြောင့် နံပါတ်အနက်ကားများကို နံပါတ်အနီသို့ ပြောင်းကာ ရောင်းချသူများလည်း ရှိနေပြီး ထိုကားများမှာ အများအားဖြင့် ပရိုဘောက်စ်ကားများဖြစ်၍ နံပါတ်အနက်မှာ ငွေကျပ်သိန်း ၂၀၀ မှ အနီပြောင်းပြီးနောက် သိန်း ၄၀၀ ဝန်းကျင်ဖြင့် ရောင်းချနေကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-ဇ)**

၀-၀-၀-၀-၀



## ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ



**မိုးနဲ ဩဂုတ် ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ မိုးနဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို အဆိုပါကျောင်း ပုလဲဆောင်ခန်းမ နေရာ၌ ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ရာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူလေးများက ဘက်စုံပညာဂုဏ်ရည်ဒို့လှမ်းချီ တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးခဲ့ကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်မိုးဆွေက ပညာရည်ချွန်ဆုပေးပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီထွန်းက ကျောင်း၏ တစ်နှစ်တာ ဆောင်ရွက်ခဲ့သောလုပ်ငန်းများကိုလည်းကောင်း၊ မိဘဆရာအသင်း အတွင်းရေးမှူး အထက်တန်းပြဆရာကြီး ဦးကျော်စိုးမိုးစိန်က ကျောင်းဖွံ့ဖြိုးတိုးတက်မှုများကိုလည်းကောင်း အသီးသီး ရှင်းလင်းပြောကြားခဲ့ကြသည်။

ထို့နောက် ပညာရည်ချွန်ဆုပေးပွဲဖြစ်မြောက်ရေးအတွက် လှူဒါန်းခဲ့ကြသော အလှူရှင်များ၊ ဘာသာရပ်ဆိုင်ရာ ဆရာ၊ ဆရာမများ၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများ၊ KG တန်းမှ Grade-11 အထိ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြပြီး အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူလေးများက အကပဒေသာဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## ကျောင်းကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှုဟောပြောပွဲ ကျင်းပ



**ရွာင် ဩဂုတ် ၁၅**

ကျောင်းကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှု ဟောပြောပွဲကို နံနက် ၉နာရီက ရွာင်မြို့နယ် (အ·ထ·က )ကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ရွာင်မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာအေးသန္တာလှိုင်က မူးယစ်ဆေးဝါး၏အဓိပ္ပာယ်၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်လာနိုင်သောဘေးထွက်ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် အသက်အန္တရာယ်ဆုံးရှုံးနိုင်ကြောင်း၊ မူးယစ်ဆေးဝါးကို လက်တွေ့မစမ်းသုံးသင့်ကြောင်းနှင့် ရာသီကာလအလိုက်ဖြစ်ပေါ်တတ်သော သွေးလွန်တုပ်ကွေးရောဂါအကြောင်းအား ဆက်လက်ပြောကြားရာ သွေးလွန်တုပ်ကွေးကြောင့် ဖြစ်လာနိုင်သော အသက်အန္တရာယ်များအားကာကွယ်ရန် အကျီလက်ရှည်များဝတ်ဆင်ခြင်း၊ လေဝင်လေထွက်ကောင်းမွန်အောင် ပြတင်းပေါက်များအားဖွင့်ထားခြင်း၊ ခြင်များမပေါက်ဖွားအောင် ရေတွင်းများအား ဖုံး၊ စစ်၊ သွန်၊ လဲခြင်းများပြုလုပ်ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများအားရှင်းလင်းခြင်း စသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဒေါက်တာစန္ဒာကျော်က သွားအကြောင်းနှင့် ပတ်သက်၍ သွားပိုးစားရောဂါ၏ နောက်ဆက်တွဲ ဖြစ်စဉ်များ၊ ပိုးစားခြင်းကြောင့် သွားများပျက်စီးရပုံ၊ သွားဖုံးရောင်ရောဂါ အဆင့်ဆင့်ဖြစ်ပုံ၊ သွားများကို စနစ်တကျတိုက်သင့်သည့်ပုံစံအကြောင်းများနှင့် ထိုမှတစ်ဆင့် ခံတွင်းကင်ဆာအကြောင်းအား ဆက်လက်ရှင်းလင်းပြောကြားရာ ခံတွင်းကင်ဆာသည် ကွမ်းစားခြင်းကြောင့်သော်လည်းကောင်း၊ ဆေးလိပ်သောက်ခြင်းကြောင့်သော်လည်း ဖြစ်လာနိုင်ကြောင်းကိုလည်းကောင်း၊ သွားခံတွင်းကျန်းမာရေး၏ ရောင်ရန်၊ ဆောင်ရန်များအနေဖြင့် သွားတိုက်ရာတွင်လည်း သွားတိုက်ဆေးဖြင့်သာတိုက်သင့်ကြောင်း မီးသွေးခဲ၊ဆား စသည့်တို့ဖြင့် တိုက်ပါက သွားများပျက်စီးစေကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကြည်ကြည်ထွန်းက တီဘီရောဂါအကြောင်းအားဆက်လက်ပြောကြားရာ တီဘီရောဂါဖြစ်လာနိုင်သော လက္ခဏာများမှာ အစားအသောက်များပျက်ခြင်း၊ ချောင်းဆိုးခြင်း၊ တီဘီရောဂါအား စနစ်တကျ ကာကွယ်သင့်ကြောင်း၊ တီဘီရောဂါဖြစ်လာပါက စနစ်တကျ ကုသသင့်ကြောင်း ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၁၀)**




## မိုးကာလ

* ခြေခင်းလည်းသာ
လက်ခင်းသာသည်
ရာသီသမယ မိုးကာလ။

* ဝန်းကျင်စိမ်းစို
ပင်နပျိုတို့
ပိုမိုလှပ မိုးကာလ။

* လယ်ယာမြေကွင်း
စိုက်ပျိုးရင်းဖြင့်
ဖော်သင်းမြူးကြွ လုပ်ကိုင်ကြ။

* သီးနှံကြွယ်ပေါ
လယ်တောတစ်ခွင်
မိုးရိပ်ဆင်လာ
ဝမ်းသာအားရ ကျေနပ်လှ။

* မိုးတဖြောက်ဖြောက်
ကွင်းထဲရောက်လျှင်
နွားကောက်ထယ်ကောက်
တံပြာကောက်ကာ
ကြည်သာရွှင်ပျ တကြွကြွ။

* လှပမြင်ကွင်း
လယ်တောဆင်းလာ
ကျေးလက်ဘဝ ကြည်နူးရ
နိုင်ငံအလှမြင်ကွင်းကြွ
ကျေးလက်သာမှ နိုင်ငံလှ
တိုင်းနိုင်ငံလှ ပြည်ရွာဝ။ ။

**နိုင်ဗလ**

## မိုးစပါးပန်းတိုင်အထွက်ရရှိရေး စံပြကွက်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

**ကျွန်းလှ ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေး၊ စပါးစိုက်ပျိုးထုတ်လုပ်မှု ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် မိုးစပါးပန်းတိုင်အထွက်ရရှိရေး စံပြကွက်စိုက်ပျိုးခြင်း ကွင်းပြပွဲကို ဩဂုတ် ၁၄ ရက် နံနက် ၇ နာရီက ရှမ်းစုကျေးရွာ၊ ကွင်းအမှတ်(၄၉၅)၊ တောင်သူ ဦးမင်းနိုင်၏ လယ်မြေသုံးဧက၌ ကျင်းပခဲ့သည်။

မိုးစပါးပန်းတိုင်အထွက်ရရှိရေးအတွက် ကြိုးတန်း ၁၀ တန်း တစ်တန်းလှပ်စိုက်ပျိုးခြင်းဖြင့် ကောက်ကွက် (၁ ဒသမ ၂)သိန်းမှ (၁ ဒသမ ၅ )သိန်းထိ ဝင်ဆံ့မည်ဖြစ်ကြောင်း၊ လေဝင်လေထွက်ကောင်းမွန်ပြီး ပေါင်းထိုးတမန်းနိုးလွယ်ကူမည်ဖြစ်ကြောင်း၊ သိပ္ပံနည်းကျစိုက်နည်းစနစ်အား လိုက်နာကျင့်သုံးခြင်းဖြင့် တစ်ဧက တင်း (၁၀၀) အထက်ထွက်ရှိမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျွန်းလှမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးတင့်ထူးက ယူရီးယားဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ပြီး မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများနှင့်အတူ မိုစပါးစံပြကွက်စိုက်ပျိုးနေခြင်းကို ကြည့်ရှုအားပေးခဲ့သည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရန် ၃၄၀၉၇ ဧက လျာထားပြီး လက်ရှိအချိန်ထိ ၂၃၀၇၁ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိနေကြကြောင်း သိရသည်။

**(အောက်ပုံ) (၄၈၀)**





## သတင်းပဒေသာ

### အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်စေရန်နှင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်ရည်ရွယ်၍ ဩဂုတ် ၁၂ ရက် မွန်းလွဲပိုင်းက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ ကျင်းပပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### မြန်မာစကားပုံအမေးအဖြေပြိုင်ပွဲ ကျင်းပ

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန်၊ မြန်မာစကားပုံများနှင့် ရင်းနှီးထိတွေ့မှုရှိစေရန်နှင့် စာဖတ်ရှိန်မြင့်မားရေးအတွက် မြန်မာစကားပုံအမေးအဖြေပြိုင်ပွဲကို ဩဂုတ် ၁၀ ရက် မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre)ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### သုတ၊ ရသစာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်အစိုးရက ပေးပို့လှူဒါန်းသည့် သုတ၊ ရသစာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### လူထုအခြေပြုဗဟိုဌာနတွင် ပုံပြင်ပြောပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်စေရန်နှင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်ရည်ရွယ်၍ ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီခွဲက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ပုံပြင်ပြောပြိုင်ပွဲ ကျင်းပပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းရှူးမြို့နယ်အတွင်းရှိ မူကြိုကျောင်းများတွင် ဩဂုတ် ၁၀ရက် နံနက် ၁၀ နာရီက ကျန်းမာရေးစောင့်ရှောက်ပေးခြင်း ကွင်းဆင်းဆောင်ရွက်ခဲ့ရာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မိခင်နှင့်ကလေးကျန်းမာရေးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများအား သန်ချဆေးနှင့် သံဓာတ်အားဆေးတိုက်ကျွေးခြင်း၊ ကိုယ်အလေးချိန်တိုင်းတာပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး အာဟာရမုန့်များပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကြက်ခြေနီရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်းဆင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ လဲချားမြို့တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ကျန်းမာရေးဌာန၊ မြို့နယ်ကြက်ခြေနီအသင်းခွဲနှင့် အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ကြက်ခြေနီရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်းအမှတ်စဉ် ၂/၂၀၂၄ ဆင်းပွဲအခမ်းအနားကို ယမန်နေ့ညနေ ၃ နာရီခွဲက အခြေခံပညာအထက်တန်းကျောင်းသင်တန်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## သူငယ်တော်ကျေးရွာတွင် ဆရာတော်၊ သံဃာတော်အပါး(၁၀၀)အား သံဃာ့ဒါနဆွမ်း လောင်းလှူ



**တံတားဦး ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ် သူငယ်တော်ကျေးရွာတွင် သူငယ်တော်တောရဆရာတော် လွန်တော်မူခြင်း (၃)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများနှင့်သူငယ်တော်ကျေးရွာသူ၊ ကျေးရွာသားများစုပေါင်း၍ ဆရာတော် သံဃာတော် အပါး ၁၀၀ အား သံဃာ့ဒါနဆွမ်းလောင်းလှူခြင်းကို ဩဂုတ် ၁၄ ရက် နံနက် ၅ နာရီခွဲက သူငယ်တော်ကျေးရွာ ဦးကျော်လွင်၏ နေအိမ်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပင့်လျှောက်၍ ကြွရောက်တော်မူလာကြသည့် ဆရာတော်များအား ဆွမ်းဘောဇဉ်များဖြင့် လှူဒါန်းကြသည်။ ဆက်လက်၍ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်း ဆရာတော်ထံမှ ဆွမ်းလောင်းလှူပွဲသို့ တက်ရောက်ကြသည့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်မှ အနုမောဒနာတရား ချီးမြှင့်ပေးသည်။ ထို့နောက် ဆရာတော် သံဃာတော်များက အန္တရာယ်ကင်းကမ္မဝါစာများ ရွတ်ဖတ်ကြပြီး အမရပူရမြို့ မဟာဂန္ဓာရုံကျောင်း ဆရာတော်က ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။

ထို့နောက် သူငယ်တော်တောရဆရာတော် လွန်တော်မူခြင်း အထိမ်းအမှတ်အဖြစ် သူငယ်တော်တောရ သာသနာလင်္ကာရအကျော်စာအောင်ဆုအတွက် အလှူငွေကျပ် တစ်သိန်း၊ လောကဟိတဆေးရုံအတွက် အလှူငွေကျပ်တစ်သိန်း၊ ဆရာတော်၊ သံဃာတော်များ ဆွမ်းလောင်းလှူရန်အတွက် အလှူငွေကျပ် ၄၅ သိန်းတို့ကို အလှူရှင် ဦးကျော်လွင်+ဒေါ်မြင့်မြင့်ဌေး မိသားစုတို့က ဆရာတော်ထံ လှူဒါန်းပေးခဲ့သည်။

ဆက်လက်၍ ပင့်လျှောက်၍ ကြွရောက်တော်မူလာကြသော ဆရာတော်၊ သံဃာတော် အပါး ၁၀၀ အား ဆရာတော်၏ ဒါယကာ၊ ဒါယိကာမများနှင့် သူငယ်တော်ကျေးရွာသူ၊ ကျေးရွာသားများက သံဃာ့ဒါနဆွမ်းလောင်းလှူကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(၄၀၉)**

## ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

**တာလေ ဩဂုတ် ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့တွင် မြို့နယ်ခွဲအတွင်းရှိ ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်ခွဲအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ခွဲစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးလင်းလင်းအောင်က မြို့နယ်အတွင်း စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်ခွဲပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးပြည့်ဖြိုးဇော်က စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ခွဲစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးလင်းလင်းအောင်နှင့် မြို့နယ်ခွဲ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးတို့က မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာအုပ်၊



စာစောင်ပေးအပ်လှူဒါန်းပွဲမှ ဖြန့်ဝေလက်ခံရရှိသည့် သုတ၊ ရသ စာအုပ် ၈၀ ကို စံညီစာကြည့်တိုက် လေးတိုက်သို့ ပေးအပ်လှူဒါန်းခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မြို့နယ်(ပြန်/ဆက်)**

## မြင့်မြတ်သူစေတနာသွေးလှူရှင်နှင့် လူနာတင်ယာဉ်ကူညီမှုပရဟိတအသင်းက လူနာများအတွက် သွေးပုလင်း ၃၅၀ ကျော် လှူဒါန်း

**ညောင်ဦး ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့ မြင့်မြတ်သူစေတနာသွေးလှူရှင်နှင့် လူနာတင်ယာဉ်ကူညီမှု ပရဟိတအသင်းက ရပ်ဝေးရပ်နီးမှ စေတနာအလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် လူမှုအကျိုးပြုလုပ်ငန်းများကို ကြိုးပမ်းလုပ်ဆောင်လျက်ရှိရာ ပြီးခဲ့သည့် ဇူလိုင်လအတွင်းက နာမကျန်းလူနာများအတွက် အဆင်ပြေစွာ ဆေးဝါးကုသနိုင်ရန် သွေးပုလင်းအလုံးရေ ၃၅၀ ကျော် ဇီဝိတဒါနအဖြစ် လှူဒါန်းပေးခဲ့ကြောင်း အဆိုပါ ပရဟိတအသင်းဥက္ကဋ္ဌ ဦးကျော်သန်းထံက သိရသည်။

"ကျွန်တော်တို့ ညောင်ဦးမြို့ မြင့်မြတ်သူစေတနာသွေးလှူရှင်နှင့် လူနာတင်ယာဉ်ကူညီမှုအသင်းအနေနဲ့ ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံကြီးနဲ့ ပုဂ္ဂလိကဆေးရုံတွေမှာ လာရောက်ဆေးဝါးကုသကြတဲ့ နာမကျန်းလူနာတွေအတွက် လိုအပ်တဲ့ သွေးများကို နေ့စဉ် ဇီဝိတဒါနအဖြစ် ဖြည့်ဆည်းလှူဒါန်းပေးပါတယ်။ အဲဒီလို သွေးလှူဒါန်းနိုင်ရေးအတွက် သွေးလှူရှင်အသင်းဝင်များကို စနစ်တကျဖွဲ့စည်းထားပါတယ်။ လက်ရှိမှာ သွေးလှူရှင်အသင်းဝင်ဦးရေ ၂၀၀၀ ကျော်လောက် ရှိပါတယ်။ သွေးလှူဒါန်းပေးမှုအနေနဲ့ ပြီးခဲ့တဲ့ ဇူလိုင်တစ်လအတွင်းမှာ သွေးပုလင်းအလုံးရေ ၃၅၈ လုံး ဖြည့်ဆည်းလှူဒါန်းပေးနိုင်ခဲ့ပါတယ်။ လူနာတွေအတွက် ဇီဝိတဒါန သွေးလှူဒါန်းခြင်းအပြင် ကျန်းမာရေးအတွက် လိုအပ်တဲ့ လူနာတင်ယာဉ် ပို့ဆောင်ကူညီမှုတွေကိုလည်း ဆောင်ရွက်ပေးပါတယ်။ ဇူလိုင်လအတွင်းမှာ လူနာတင်ယာဉ် ပို့ဆောင်ကူညီပေးမှုအနေနဲ့ ၂၈ ခေါက် ကူညီဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ညောင်ဦးမြို့ မြင့်မြတ်သူစေတနာသွေးလှူရှင်



နှင့် လူနာတင်ယာဉ်ကူညီမှု ပရဟိတအသင်းဥက္ကဋ္ဌ ဦးကျော်သန်းက ပြောသည်။

ညောင်ဦးမြို့၊ မြင့်မြတ်သူစေတနာသွေးလှူရှင်နှင့် လူနာတင်ယာဉ်ကူညီမှုပရဟိတအသင်းသည် လစဉ်ရပ်ဝေးရပ်နီးမှ စေတနာအလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် ပြည်သူ့အကျိုးပြု ပရဟိတလုပ်ငန်းများဖြစ်သည့် လူနာတင်ယာဉ်ကူညီပို့ဆောင်ပေးခြင်း၊ လူနာများအတွက် ဇီဝိတဒါန သွေးလှူဒါန်းပေးခြင်းနှင့် သောက်သုံးရေ လိုအပ်သောနေရာများကို ရေသယ်ယာဉ်ဖြင့် ရေလှူဒါန်းပေးခြင်း စသည့် လူမှုအကျိုးပြုလုပ်ငန်းများကို အရှိန်အဟုန်မပျက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**

**(၄၄၅)**

# ဝါခေါင်လမှာ ရွှေမေတ္တာ ပွားများနေကြပါ

'မေတ္တာတရားလွှမ်းကာခြုံ ကျင်လည်ကြတဲ့ သုံးဆယ့်တစ်ဖုံ၊ ဝေနေယျသတ္တဝါအစုံ စိတ္တ၊ ကာယ၊ သုခပြည့်စေကုန်'ဆိုသော 'မေတ္တာလွှမ်းခြုံ'သီချင်းသံသည် ဝါတွင်းသီတင်းစဉ်အတွက် အလှူခံနေသောမဏ္ဍပ်မှ ဖွင့်နေသောသီချင်းပါ။ ထိုသီချင်းသံကိုကြားရပြန်တော့ ဝါဆိုသင်္ကန်းကပ်လှူစဉ်က ဆရာတော်ဟောကြားသည့် တရားကို သတိရမိသွားသည်။ မေတ္တာနှင့်ပတ်သက်၍ မေတ္တာသုတ်လာ မေတ္တာအကြောင်း ဟောကြားတော်မူတာပါ။ ဝါခေါင်လပြည့်နေ့သည် မေတ္တာအခါတော်နေ့ဖြစ်သည်။ မေတ္တာဟူသည် သတ္တဝါတို့၏ အကျိုးစီးပွားကို ကျင့်ဆောင်တတ်သောသဘော 'လက္ခဏာ' ရှိသည်။

မေတ္တာသည် သတ္တဝါတို့၏အကျိုးစီးပွားကိုသာ ဆောင်တတ်သည်မဟုတ်။ အမျက်ဒေါသကိုလည်း ပယ်ဖျောက်တတ်သော 'ကိစ္စရသ'ရှိသည်။ မေတ္တာသည် အေးမြကြည်လင်ငြိမ်းချမ်းသောသဘော၊ ဉာဏ်တွင် ရှေးရှုထင်တတ်သောသဘော 'ပစ္စုပ္ပဋ္ဌာန်' လည်းရှိသည်။ မေတ္တာသည် သတ္တဝါတို့၏ နှစ်သက်သောဂုဏ်ကိုသာ ရှုမြင်တတ်သဖြင့် 'ယောနိသောမနသိကာရ'ဖြစ်သည့် နီးစွာသောအကြောင်း 'ပဒဋ္ဌာန်'လည်းဖြစ်သည်။ မေတ္တာ၏သဘောတရားများကို သေချာစွာသိရှိထားပါမှ မေတ္တာအတုအယောင်များကို ဖယ်ရှားနိုင်မည်။ မေတ္တာစစ်၊ မေတ္တာမှန်တို့ကို ဖျက်ဆီးမည့် 'မေတ္တာ၏ရန်သူ၊ မေတ္တာ၏ပဋိပက္ခတရား' ဆိုသည်များလည်း ရှိပေသေးသည်။ မေတ္တာ၏ရန်သူများသည် 'အနီးကပ်ရန်သူနှင့် အဝေးရန်သူ' ဟူ၍ နှစ်မျိုးရှိသည်။ မေတ္တာ၏ အနီးကပ်ရန်သူမှာ 'တဏှာရာဂ'ဖြစ်ပြီး၊ အဝေးရန်သူမှာ 'ဒေါသ'ပင် ဖြစ်သည်။ မေတ္တာ၏အနီးကပ်ရန်သူ 'တဏှာရာဂ'သည် မေတ္တာယောင်ဆောင်၍ မေတ္တာအစစ်အမှန်များကို ဝင်ရောက်ဖျက်ဆီးတတ်သလို မေတ္တာ၏ အဝေးရန်သူ'ဒေါသ'သည်လည်း အစဉ်အမြဲဖြစ်နေတတ်သည် မဟုတ်ပါဘဲ အကြောင်းတိုက်ဆိုင်လာပါမှ ဖြစ်ပွားလာကာ မေတ္တာအစစ်အမှန်ကို ဖျက်ဆီးတတ်ပေသည်။ ထို့ကြောင့် အစဉ်အမြဲသတိထားဆင်ခြင်၍ ဘာဝိတာ ဗဟုလီကတာ ကြိမ်ဖန်များစွာ ပွားများအားထုတ်ထားပါမှ တော်ကာကြမည်ဟုဆိုပါသည်။ မအောင်မမြင်သိမ်ဖျင်းသည့်စပါး 'မေတ္တာအတု'များကို ဖယ်ရှား၍ အောင်မြင်ထွားကြိုင်းပြီး အနှစ်သာရပြည့်ဝသည့် သီးနှံစပါး 'မေတ္တာစစ်'များကို သိမ်းဆည်းသိုလှောင်ရမည်။ သို့သော် အောင်မြင်ထွားကြိုင်းသည့် စပါးဖြစ်သော်ငြားလည်း ရာသီဥတု၏ဒဏ်၊ ကျေးငှက်ရန်နှင့်တူသော (အာရုံငါးပါး ကာမဂုဏ်တရား) များသည် ဖျက်ဆီးနှောင့်ယှက်နိုင်သလို၊ ပိုးစားလောက်ကိုက်သည့်အလား (ဣဿာ၊ မစ္ဆရိယတရား) ဖျက်ဆီးသူများနှင့်လည်း ကင်းဝေးအောင် အမြဲထိန်းသိမ်းစောင့်ရှောက်ရန် မိန့်ကြားပါသည်။

မြတ်စွာဘုရားရှင်ဟောကြားသည့် မေတ္တာသုတ်တော် ဖြစ်ပေါ်လာရခြင်းနှင့်ပတ်သက်၍ အထူးရေးသားရန် လိုမည်မထင်ပါ။ သို့သော် မေတ္တာသုတ်တော်၏အမွှမ်းပိုင်းတွင် 'ယက္ခာ နေဝ ဒဿန္တိ ဘီသနံ'ဟု ပါရှိပါသည်။ ဆိုလိုသည်မှာ မေတ္တာဘာဝနာပွားများသူတို့သည် ဘီလူး၊ သရဲ၊ သဘက်စသည့် ပရလောကသားတို့၏ ကြောက်မက်ဖွယ်ရာ အဆင်းသဏ္ဌာန်ကို မပြဝံ့ပါဟု ဆိုထားပါသည်။ နောက် 'ရတ္တိန္ဒိဝ မတန္ဒိတော သုခံသုပတိ သုတ္တောစ' နေ့အခါ၌ဖြစ်စေ၊ ညဥ့်အခါ၌ဖြစ်စေ အနှောင့်အယှက်ကင်း၍ ကောင်းမွန်စွာ အိပ်စက်ရပါသည်။ အိပ်ပျော်သွားသည့်အခါမှာလည်း 'ပါပံ ကိဉ္စိ န ပဿတိ'ဟု ဆိုထားပြန်ရာ မနှစ်လိုဖွယ်ရာမကောင်းသော အိပ်မက်ဆိုးများမမြင်မက်ပါဟု အတိအလင်း အာမခံထားပါသည်။

ထို့နောက် မေတ္တာသုတ်တော်တွင် 'ကရဏီယ မတ္ထကုသလေန ယန္တသန္တံ ပဒံအဘိသမေစ္စ'ဟု ဆိုသည်မှာ ပြုပြင်ခြင်းကင်းပြီး ငြိမ်းအေးချမ်းသာသည့် 'သန္တိ'ဆိုသော နိဗ္ဗာန်သည် အမှန်တကယ်ရှိပါ၏။ ထို'သန္တိ'ဆိုသော နိဗ္ဗာန်ကိုဦးတည်၍ လောကီ၊ လောကုတ်နှစ်ဖြာသောအကျိုးစီးပွားကို လိုလားကြသူများသည် မေတ္တာဘာဝနာမပွားများမီ 'မေတ္တာပုဗ္ဗဘာဂပဋိပဒါ'ဆိုသော သူတော်ကောင်းနည်းလမ်း မေတ္တာမူ(၁၅)ချက်ကို ကျင့်သုံးဆောင်ရွက်အပ်၏ဟု ညွှန်ကြားထားသည်။ ထိုမေတ္တာအခြေခံမူ(၁၅)ချက်ကို မြင်းခြံကိုးဆောင်မှူ မဟာပရိတ်တော်ကြီး နိဿယသစ်တွင် ဖွင့်ဆိုထားသည်မှာ (၁) သက္ကောစ = သစ္စာလေးတန်သိဖို့ရန်ကို မြဲမြဲ ကြံ့ခိုင်ကျင့်စွမ်းနိုင်သူဖြစ်ရမည်။ (၂) ဥဇူစ = ကိုယ်နှုတ်နှလုံး ရိုးသားဖြောင့်မတ်သူဖြစ်ရမည်။ (၃)သုဟုဇူစ = သဘောမနော ရိုးဖြောင့်သူဖြစ်ရမည်။ (၄) သုဝစောစ = ပညာရှိ၏စကား မရှားမပယ် နာယူလွယ်သူလည်းဖြစ်ရမည်။ (၅) မုဒုစ = နူးညံ့သိမ်မွေ့သောသူဖြစ်ရမည်။ (၆) အနတိမာနီ = မမောက်မာ ပျော့ပျောင်းစွာဖြင့် မာနမထား နှိမ့်ချထားသူ ဖြစ်ရမည်။ (၇) သန္တုဿကောစ = ပစ္စည်းများပေါ် မျှော်ခေါ်လွန်ကဲ ရောင့်ရဲလွယ်သူဖြစ်ရမည်။ (၈) သုဘရောစ = တောင်တောင်အီအီ မသွေဖီဘဲ မွေးမြူလွယ်သူဖြစ်ရမည်။ (၉) အပ္ပကိစ္စောစ= နဝကိစ္စ ဗာဟိရကြောင့် ကိစ္စနည်းသူဖြစ်ရမည်။ (၁၀) သလ္လဟုကဝုတ္တိ = အပိုအမြဲမဆောင်ထားဘဲ ပေါ့ပါးသော အသက်မွေးသူဖြစ်ရမည်။ (၁၁) သန္တိန္ဒြိယောစ=စိတ်ထားခိုင်လျက် ငြိမ်သက်သောဣန္ဒြေရှိသူဖြစ်ရမည်။ (၁၂) နိပကောစ = သေချာချင့်တွက်ရင့်ကျက်သော ပညာရှိသူဖြစ်ရမည်။ (၁၃) အပ္ပဂဗ္ဘော = ကိုယ်နှုတ်မရမ်း စိတ်မကြမ်းသူဖြစ်ရမည်။ (၁၄) ကုလေသွနနုဂိဒ္ဓေါ = ပစ္စည်းကိုမင် လူကိုခင်လျက် မရောယှက်ဘဲ မက်မောတွယ်တာခြင်းကင်းသူဖြစ်ရမည်။ (၁၅) နစခုဒ္ဒ မာစရေ ကိဉ္စိ ယေန ဝိညူပရေ ဥပဝဒေယျုံ = ပညာရှိသူတော်ကောင်းများမှ အပြစ်ဆိုဖွယ်ရာ အနည်းငယ်မျှပင် မလုပ်ဆောင်သူဖြစ်ရမည်ဟုဆိုပါသည်။ ထိုတရား ၁၅ပါးနှင့်ပြည့်စုံနေလျှင် မေတ္တာစိတ်မပွားသေးမီကပင် ချစ်ခင်ကြည်ညိုစရာဖြစ်ပြီး နတ်လူသာဓုခေါ်နေပါပြီ။ ထိုသို့သောပုဂ္ဂိုလ်မျိုးသည် သတ္တဝါအများအပေါ် မေတ္တာစိတ်ပွားမည်ဆိုပါလျှင် အကျိုးများစွာရမည်မှာ မလွဲပါ။ ဤမေတ္တာမူ(၁၅)ချက်သည် မေတ္တာပွားခြင်းအတွက်သာမဟုတ် နိဗ္ဗာန်ရောက်သည်အထိ ခရီးပေါက်နိုင်ပါသည်။ ဤမေတ္တာမူ(၁၅)ချက်တွင်လည်း နံပါတ်(၁)နှင့် နံပါတ်(၁၅) နှစ်ခုကိုသာ ကောင်းစွာကျင့်ဆောင်နိုင်မည်ဆိုလျှင် ကျန်သော မေတ္တာမူ(၁၃)ချက်သည် အလိုလိုကျင့်ဆောင်ပြီး ဖြစ်သွားပေမည်။ အဘယ်ကြောင့်ဆိုသော် နံပါတ်(၁၅)တွင်ပြဆိုထားသည်မှာ ပညာရှိသူတော်ကောင်းများ၏ အပြစ်ဆိုဖွယ်ရာ လုပ်ဆောင်ချက်အမှားတို့ကို အနည်းငယ်မျှကိုပင် မပြုလုပ်ခြင်းကို နံပါတ်(၁)အရ ကျင့်စွမ်းနိုင်ပြီဆိုလျှင် အရာအားလုံးပြီးစီးသွားပြီဖြစ်၍ မေတ္တာမူ(၁၅)ချက်ကို ကျင့်ဆောင်ပြီးသား ဖြစ်သွားသည်ဟု ဆရာတော်က မိန့်ဆိုတော်မူပါသည်။ လူသားတို့သည် စိတ်မိုက်တွေဖယ်ရှားပြီး အမျက်ဒေါသကို ခဝါချ၍ မထီမဲ့မြင်မဆင်ခြင်သည့် မျက်မာန်ရန်ငြိုး ညှဉ်းဆဲမှုမျိုးတွေအစား ဖြူစင်သန့်ရှင်းလိမ်ညာမှုကင်းသည့် မေတ္တာစိတ်များဖြင့် မိခင်သည် မိမိရင်၌ဖြစ်သည့် တစ်ဦးတည်းသော နို့စို့အရွယ်သားသူငယ်ကို အစဉ်စောင့်ရှောက်ဘိသကဲ့သို့ အားလုံးသောသတ္တဝါများအပေါ် အတိုင်းအတာပမာဏမရှိသော ချမ်းသာစေလိုမှု ချစ်ခြင်းမေတ္တာစိတ်ကို ထားရပါမည်။ ထို့နောက် မေတ္တာစိတ်ကို တွေဝေငိုက်မျည်းခြင်း ကင်းနေသမျှ 'ထိုင်၊ ရပ်၊ လျောင်း၊ သွား' ဣရိယာပုဒ်လေးပါးတွင် သတိနှင့်ယှဉ်သော မေတ္တာစိတ်ကိုပွားပါ။ မေတ္တာဓာတ်ဖြန့်ဝေရာမှာလည်း အရပ်ဆယ်မျက်နှာကို အကြွင်းအကျန်မရှိအောင် ဖြန့်ဝေပါ။ မိတ်ဆွေရန်သူဟူ၍ မခွဲခြားပါနှင့်။ ပု၊ ရှည်၊ ပိန်၊ ဝ၊ မျိုးဇာတ်တူ၊ မတူ၊ မည်သူကိုမှ ချန်မထားဘဲ မေတ္တာစိတ်ကိုထားပါ။ ထို့ကြောင့် ဘေးရန်ကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းအလို့ငှာ မေတ္တာသုတ်တော်အား နေ့စဉ်ရွတ်ဖတ်ပူဇော်၍ မေတ္တာဘာဝနာ ပွားများကြစေလိုကြောင်း၊ မေတ္တာတရားသည် စွမ်းအားကြီးမားကြောင်း၊ ဆန္ဒပြင်းပြလျှင် ပြင်းပြသလောက် ကောင်းကျိုးသက်ရောက်စေကြောင်း၊ လူတို့နှလုံးအိမ်တွင် မေတ္တာလှိုင်းများဖြစ်ပေါ်လာပြီး သက်ရှိသတ္တဝါအားလုံးအပေါ် မေတ္တာဓာတ်ဩဇာသက်ရောက် လွှမ်းမိုးနိုင်ပါလျှင် လူသားလောက သာယာအေးမြစေမည်ဖြစ်ကြောင်း မိန့်ကြားပါသည်။ ထိုလောဘ၊ ဒေါသ၊ မောဟဆိုသော မေတ္တာ၏ဆန့်ကျင်ဘက်တရားတို့သည် မီးတောက်ပမာ လောကဓာတ်ကြီးကို ပူလောင်စေသလို ထိုတရားဆိုးများကို လက်ကိုင်ထားသူ၏ ဟဒယနှစ်လုံးအိမ်ကိုလည်း လောင်မြိုက်ပူလောင်စေပါသည်။ ဆိုရပါလျှင် အာရုံငါးပါး ခံစားစရာများသည် ယခုအခါ ယခင်ကထက် ပိုမိုများပြားလာပြီး ကာမဂုဏ်ခံစားလိုသောစိတ်များ ဖောင်းပွလာသည်နှင့်အမျှ ခံစားရရှိအောင် ရှာဖွေကြရသည်မှာ 'လောဘ'ပါ။ ရတာမလို၊ လိုတာမရ ဖြစ်ကြရသဖြင့် ဒုက္ခ၏နောက်ဝယ် 'ဒေါသ'ပါလာပေသည်။ ထိုသို့ မရမနေ ရှာဖွေရသဖြင့်လည်း တရားသည်၊ မတရားသည်ကို မစဉ်းစားနိုင် အပြေးအလွှား နေ့မအားညမနား ကြိုးစားနေရခြင်းသည် 'မောဟ' ပင်ဖြစ်ပေသည်။ ထိုလောဘ၊ ဒေါသ၊ မောဟဆိုသော ကိလေသာမီးများသည် မိမိနှင့် မိမိ၏ပတ်ဝန်းကျင်ပါ ညှိုးနွမ်းခြောက်သွေ့နေမည်ဖြစ်သည်။ ထိုသို့ ကမ္ဘာလောကကြီးတွင် မေတ္တာဓာတ်များ ပျက်ပြား၍ ကိလေသာမီးများ အင်အားကြီးစွာ လောင်မြိုက်လာလျှင် အပူဓာတ်လှိုင်းများဖြစ်ကာ နေ၊ လ၊ နက္ခတ်၊ တာရာတို့သည် အသွားအလာမမှန် ဖောက်ပြန်လာပေမည်။ မိုးခေါင်ရေရှား ကောက်နံ့စပါးတွေမဖြစ်ထွန်းဘဲ သိမ်ဖျင်းသည့်အစားအစာ ဩဇာဓာတ်မပါ စားရပြန်တော့ ခွန်အားတွေယုတ်လျော့ ဆင်းရဲဒုက္ခရောက်ကြရမည်မှာမလွဲပါ။

ထို့ကြောင့် မဃဒေဝလင်္ကာသစ်တွင် ပြဆိုထားသည်မှာ 'မှတ်လော့တသွယ် လူတို့ဝယ်လျှင် ကြီးငယ်အများ မင်းပုဏ္ဏားက ယောကျ်ားမိန်းမ ကြင်ကာလ၌၊ လောဘတရား စရိုက်များလျက် ကြံပွားမဆိတ် ထိုသည့်ဟိတ်ကြောင့် 'ဒုဗ္ဘိက္ခန္တရ' ကပ်ကြီးကျ၍ ငတ်ကြ၊ မွတ်ကြ မဝရေစာ တောင့်တကာလျှင် များစွာသေပျောက် ပြိတ္တာရောက်၏။' လောဘတရားကြီးမားလာလျှင် ငတ်မွတ်ခေါင်းပါးသည့်ဘေးများ ကျရောက်၍ သေသည့်အခါ ပြိတ္တာဒဘုံရောက်တတ်ပါသည်။

နောက် 'မီးတောက်တမျှ ဟုန်းဟုန်းထလျက် ဒေါသဟိန်းလွန် ပြန့်ပွားဝှန်သော်'သတ္ထန္တရ' ကပ်ကြီးကျ၍ သတ်ကြ၊ ဖြတ်ကြ အာဃာတဖြင့် သောကဘုံမြောက် ငရဲရောက်၏။' ဒေါသတရားလွှမ်းမိုးလာလျှင် သတ်ဖြတ်ညှဉ်းဆဲကြသည့် ဘေးဆိုးများ ကျရောက်၍ သေလျှင် ငရဲသို့ရောက်တတ်ပါသည်။ ထို့နောက် ဉာဏ်နည်းပါးကြကြောင့် မောဟသမုဋ္ဌာန် ထိုဟိတ်လွန်က 'ရောဂန္တရ' ကပ်ကြီးကျ၍ များလှရောဂါ ဝေဒနာနှင့် ခန္ဓာပျက်သူ ပြန့်ပြောထူလျက်။' မောဟတရားလွှမ်းမိုးထားသဖြင့် အမှားအမှန် မဝေဖန်နိုင်ဘဲ ဉာဏ်ရည်နည်းပါးမှုကြောင့် ရောဂါများနှင့်သေကြ၍ တိရစ္ဆာန်ဘဝ ရောက်တတ်ပါသည်။ ရိုးရိုးသဘာဝမီးကို နိုင်သည့်အရာသည် 'ရေ'ပါ။ အတွင်းအဇ္ဈတ္တသဏ္ဌာန်ကို လောင်မြိုက်သည့် မီးကို နိုင်နင်းသည့်အရာသည်ကား 'မေတ္တာတရား'ပင် ဖြစ်ပေသည်။ ထို့ကြောင့် 'ဗြဟ္မစိုရ်လေးဖြာ တည်ကြခါမှ သတ္တဝါဟူဟူ ဦးမဲ့ဖြူတို့ ရှင်လူခပင်း ရောဂါကင်းလျက် ဘေးကင်းရန်ကွာ ဆင်းအင်္ဂါနှင့် ချမ်းသာခွန်အား သက်ရှည်ပွား၏။ အယူမမှား ချင်းချင်းအားလည်း သနားကြင်နာ ကရုဏာနှင့် မေတ္တာမကင်း သေကြလျှင်းသော် ခပင်းများစွာ သတ္တဝါတို့ လူရွာနတ်ခြောက် ဖြစ်ကြရောက်၏။'ဟု ပြဆိုထားပြန်ပါသည်။ အချုပ်အားဖြင့် လူသားတိုင်း မေတ္တာစိတ်တွေ ကြီးထွားသန့်စင်အောင် မွေးမြူနေကြမည်။ မေတ္တာအအေးဓာတ်နှင့် ရစ်ပတ်နေထိုင်မည်ဆိုလျှင် မေတ္တာသုတ်တော်အရ 'ဒိဋ္ဌိဉ္စအနုပဂ္ဂမ္မ သီလဝါ ဒဿနေန သမ္ပန္နော' မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းနေသောသူသည် အပယ်နယ်အတွင်း သက်ဆင်းမည့် အယူဖောက်ပြန် မိစ္ဆာဉာဏ်တို့ မကပ်မရောက်ဘဲ ထူးမြတ်စင်ကြယ်သော လောကုတ္တရာသီလရှိသည်ဖြစ်၍ မဂ်ဉာဏ်အမြင်ဖြင့် ပြည့်စုံပြီးလျှင်(သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်)ကိုလည်းကောင်း၊ နှစ်သက်စေအပ်သော ဝတ္ထုကာမ၊ ကိလေသာကာမတို့ တောင့်တမက်မောခြင်းကင်းသဖြင့် (အနာဂါမိမဂ်)ကိုလည်းကောင်း၊ အမိဝမ်းဝယ် တံ့ခေါက်တစ်ဖန် ပဋိသန္ဓေဘဝ မနေရသည့်(အရဟတ္တမဂ်)တို့ကိုလည်းကောင်း ရရှိနိုင်လေသည်။ ထို့ကြောင့် ဇလဗုဇပဋိသန္ဓေအောင်ဖြစ်သည့် အမိဝမ်းတွင်းနေရခြင်းမှလွတ်၍ ဩပပါတိကပဋိသန္ဓေဆိုသော ကိုယ်ထင်ရှားဖြစ်ပေါ်ကြသည့် နတ်ဗြဟ္မာများဘဝဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြစေရန် စိတ်ရည်သန်၍ ရေးသားလိုက်ရပါသည်။

မန်းမြေမှ ပန်းသပြေ

# အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု အခမ်းအနားကျင်းပ



**သရက် ဩဂုတ် ၁၅**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ ၂၀၂၄ ခုနှစ် ဩဂုတ်လ လှုပ်ရှားမှုအခမ်းအနားကျင်းပခြင်းကို ဩဂုတ် ၁၃ ရက် နံနက် ၁၀ နာရီက ခရိုင်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးမြတ်ထွန်းဦးက အဖွင့်အမှာစကားပြောကြားရာမှာ ၂၀၂၄ ခုနှစ် ဩဂုတ်လ ပထမပတ်အား မိခင်နို့စနစ်တကျ ကျွေးရေး ရက်သတ္တပတ် ဒုတိယပတ်အား ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် တတိယပတ်အား ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် စတုတ္ထပတ်အား အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေး ရက်သတ္တပတ်ဟူ၍ ကျန်းမာရေးဝန်ကြီးဌာနမှ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ သတ်မှတ်ထားကြောင်း သိရသည်ဟု ပြောကြားပေးခဲ့သည်။ (ဝဲပုံ)

ထို့နောက် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာညွန့်ရွှေအောင်က အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အခမ်းအနားကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပေးခဲ့ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမကြီး ဒေါ်ဖြူဖြူမှ အာဟာရဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပေးခဲ့သည်။ ထို့နောက် ကျောင်းကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ပေးခဲ့ပြီး ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား ဆေးနှင့်အာဟာရပစ္စည်းများ ပေးအပ်ခဲ့သည်။အခမ်းအနားအပြီးတွင် အစာအုပ်စု ၃ အုပ်စုပြခန်းအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**စော်ထက်(သရက်)**



# ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေ

**အောင်လံ ဩဂုတ် ၁၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများပလတ်စတစ်အိတ်လျှော့ချသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာ မြို့မဈေးအရှေ့ဘက် ဈေးရောင်းဈေးဝယ်ပြည်သူများအား ပလတ်စတစ်၊ ကြွပ်ကြွပ်အိတ်အစားငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ယမန်နေ့ နံနက် ၈ နာရီခွဲက ဆောင်ရွက်ခဲ့သည်။

အဆိုပါ အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် အပတ်စဉ်တနင်္လာနေ့တိုင်း ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ် မသုံးစွဲရေးနှင့် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး Campaign များ ဆောင်ရွက်လျက်ရှိရာ၊ (၁၃-၈-၂၀၂၄)ရက်တွင် အဖွဲ့ပိုင်မြို့မဈေးကြီး၌အဆိုပါ Campaign အား ပြုလုပ်ခဲ့ပြီး၊ အောင်လံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့်ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များ၊ စည်ပင်ကော်မတီများ၊ စုစုပေါင်း ၁၀ ဦးတို့မှ ပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

**အာကာ(ပြန်/ဆက်)**

# ချည်မျှင်ရှည်ဝါသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူပညာပေးဆွေးနွေးပွဲ ပြုလုပ်

**ပွင့်ဖြူ ဩဂုတ် ၁၅**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနကဒေသတွင်း ချည်မျှင်ရှည်ဝါသီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားစေရန်နှင့် ပန်းတိုင်အထွက်နှုန်းများရရှိအောင် စနစ်တကျစိုက်ပျိုးဆောင်ရွက်နိုင်ရန် ရည်ရွယ်ကျင်းပသည့် ချည်မျှင်ရှည်ဝါသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေးဆောင်ရွက်ရမည့် စိုက်ပျိုးရေးဆိုင်ရာ တောင်သူပညာပေး ဆွေးနွေးပွဲကို ဩဂုတ် ၁၃ ရက် မွန်းလွဲ ၁ နာရီက အဆိုပါမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက တောင်သူပညာပေးဆွေးနွေးပွဲပြုလုပ်ရခြင်း၏ရည်ရွယ်ချက်နှင့် သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားရေး ဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နှင်းမြင့်ခိုင်က ချည်မျှင်ရှည်ဝါသီးနှံ စိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်း ရရှိစေရန် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားရောဂါ မကျရောက်စေရန် ကြိုတင်ကာကွယ်နှိမ်နင်းရမည့်နည်းစနစ်များ၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရမည့်အချက်များ၊ စိုက်ပျိုးရေးသွင်းအားစုပစ္စည်းများ အချိုးကျမှန်ကန်စွာသုံးစွဲရေး စသည့် တောင်သူများအလေးထားဆောင်ရွက်ရမည့် စိုက်ပျိုးရေးဆိုင်ရာနည်းစနစ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ဒေသခံတောင်သူများက ချည်မျှင်ရှည်ဝါသီးနှံ စိုက်ပျိုးရေးနှင့်ပတ်သက်ပြီး တွေ့ကြုံရသည့် လုပ်ငန်းအခက်အခဲများနှင့် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ပြီး ချည်မျှင်ရှည်ဝါ သီးနှံစိုက်ပျိုးရေးဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ တောင်သူပညာပေးဆွေးနွေးပွဲသို့ ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဒေသခံတောင်သူ ၃၀ ဦးတို့ တက်ရောက်ခဲ့သည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက သီးနှံဝင်ငွေတွက်ခြေကိုက်သည့် ချည်မျှင်ရှည်ဝါ ရွှေတောင် ၈ ၊ ရွှေတောင် ၁၀၊ ငွေချည် ၆၊ ငွေချည် ၉၊ ငွေချည် ၁၁ စသည့် သီးနှံမျိုးများကို စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြကြောင်းသိရပြီး တောင်သူများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများက စိုက်ပျိုးရေ အဆင်ပြေစေရန် ကူညီဆောင်ရွက်ပေးခြင်း၊ မျိုးကောင်းမျိုးသန့်များရရှိရေးနှင့် စိုက်နည်းစနစ်မှန်ကန်ရေး ဆွေးနွေးပွဲများ၊ သင်တန်းများ၊ ကွင်းသရုပ်ပြပွဲများ စသည့် တောင်သူပညာပေးလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၄၅)

# ချည်မျှင်ရှည်ဝါ ၁၃၃၈၇ ဧက စိုက်ပျိုးထားပြီး အောင်မြင်ဖြစ်ထွန်း



**ကျောက်ဆည် ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်တွင် ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ်များပါဝင်ပြီး(၂၀၂၄-၂၀၂၅)ခုနှစ်တွင် ချည်မျှင်ရှည်ဝါ ၁၃၃၈၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် ချည်မျှင်ရှည်ဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ချည်မျှင်ရှည်ဝါများ စိုက်ပျိုးရာတွင် ကျောက်ဆည်မြို့နယ်အနေဖြင့် ၅၁၈၂ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၁၆၉၁ ဧက၊ မြစ်သားမြို့နယ်တွင် ၆၅၂၄ ဧက စုစုပေါင်း ၁၃၃၈၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ရိတ်သိမ်းမှုအနေဖြင့် စဉ့်ကိုင်မြို့နယ်တွင် ၁၉၀ ဧက စတင်ရိတ်သိမ်းလျက်ရှိပြီး တစ်ဧကအထွက်နှုန်း ၅၀၁ ဒသမ ၂၅ ပိဿာ၊ စုစုပေါင်းအထွက်နှုန်း ၉၅၂၃၇ ပိဿာ၊ မြစ်သားမြို့နယ်တွင် ၃၃၀ ဧက စတင်ရိတ်သိမ်းလျက်ရှိပြီး တစ်ဧကအထွက်နှုန်း ၄၉၉ ဒသမ ၄၅ ပိဿာ၊ စုစုပေါင်းအထွက်နှုန်း ၁၆၄၈၁၈ ပိဿာ ထွက်ရှိကြောင်းနှင့် ကျောက်ဆည်မြို့နယ်တွင် ရိတ်သိမ်းချိန်မရောက်သေးသည့်အတွက် မရိတ်သိမ်းနိုင်သေးကြောင်း သိရသည်။

ဝါစိုက်ပျိုးသူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ဝါသီးနှံများ အောင်မြင်ရေး ခရိုင်/မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(လွန်ကျော်)တို့မှ ဒေသနှင့်ကိုက်ညီသောဝါမျိုးစေ့များ စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးပေးခြင်း၊ စိုက်နည်းစနစ်ပညာများ၊ ရိတ်သိမ်းသိုလှောင်ခြင်းများအား စနစ်တကျ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၈၅)

# စားသုံးဆီ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

**ဆင်ပေါင်ဝဲ ဩဂုတ် ၁၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် ပြည်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်စေရေးအတွက် ဩဂုတ် ၁၄ ရက် နံနက် ၇ နာရီက မြို့မဈေးအပြင်ရှိ မိဘဂုဏ်ဆီစက်နှင့် သီးနှံစုံရောင်းဝယ်ရေးကုန်စုံဆိုင်၌ ရောင်းချပေးခဲ့သည်။

အဆိုပါစားသောက်ကုန်များကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန်အတွက် ဆင်ပေါင်ဝဲမြို့၌ ရပ်ကွက်(၃)ရပ်ကွက်ရှိပြီး ယခုအခါ အမှတ်(၁)ရပ်ကွက်တွင်နေထိုင်လျက်ရှိသော ပြည်သူများကို အိမ်ထောင်စုတစ်စုလျှင် တစ်ပိဿာနှုန်းဖြင့် ကာလပေါက်ဈေးထက် ဈေးနှုန်းလျှော့ချကာ စားသုံးဆီတစ်ပိဿာလျှင် ငွေကျပ် ၆၆၀၀ နှုန်းဖြင့် ရောင်းချပေးခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ပူးပေါင်းကြီးကြပ်၍ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ (အောက်ပုံ)

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၁၁-၂၁)၊ ဦးပိုင်နံပါတ် (၅၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးမြသီး(ခ) ဦးမြသီ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့်မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမြင့်ဆွေ (ဘ)ဦးညီလှ(၉/မနတ(နိုင်)၀၉၀၆၉၇) [၎င်း၏ကိုယ်စား ဒေါ်မေသဇင်ဦး (ဘ)ဦးမြင့်ဆွေ(၉/မဟမ(နိုင်) ၁၂၆၉၆၆)]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၆လမ်းနှင့်၁၂၇လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၅၂)၊ ဦးပိုင်နံပါတ်(၃၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးမိုတန်လာ အမည်ပေါက်ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အိအိဝင်း (ဘ)ဦးဉာဏ်သိန်း(၅/မကန(နိုင်)၀၉၄၂၁၀) [၎င်း၏ကိုယ်စား ဦးအောင်ဇော်ထက် (ဘ)ဦးဆယ်ပို (၅/မရန(နိုင်)၁၇၇၆၃၃)]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမှုရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၆လမ်းနှင့်၁၂၇လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၉၀)၊ ဦးပိုင်အမှတ်(၂၆)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးဘိုလေး (ခ)ဗိုလ်လေး (ဘ)ဦးဖြူဝင်း မှတ်ပုံတင်အမှတ်(၉/မနတ(နိုင်)၀၆၄၁၆၈)ကိုင်ဆောင်သူ အမည်ဖြင့်ချထားပေးသည့် မြေကွက်ဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်ကို ကျွန်တော် ဦးကျော်ဝင်း (ဘ)ဦးမောင်ကိုကြီး မှတ်ပုံတင်အမှတ်(၉/မရမ(နိုင်)၀၅၉၄၄၄)ကိုင်ဆောင်သူမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူခဲ့ပြီး မြေကွက်၏ မြေချထားမိန့်မူရင်း၊ အခြားပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းအားလုံးနှင့် မြေကွက်ကို လက်ရောက်ရယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေကွက်ပေါ်တွင် ဝင်ရောက်ကျူးကျော်နေထိုင်သူများမှ တစ်ဆင့်ရောင်းချပေါင်နှံရန် စီစဉ်လျက်ရှိကြောင်းကို ပေါက်ဂရန် လျှောက်ထားသည့်အချိန်တွင် သိရှိရပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကျွန်တော် ဦးကျော်ဝင်း အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံးတို့နှင့်ပတ်သက်၍ ကျွန်တော် ဦးကျော်ဝင်း သဘောတူခွင့်ပြုချက်မရှိခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်လွှတ်လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လက်ရှိမြေကွက်ပိုင်ရှင် -**
**ဦးကျော်ဝင်း (ဘ)ဦးမောင်ကိုကြီး(၉/ မရမ(နိုင်)၀၅၉၄၄၄)**
**အကွက်(၅၇၁)၊ ၈၂လမ်း၊ ၃၁လမ်းနှင့်၃၂လမ်းကြား၊**
**အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စနမဟီရပ်ကွက်၊ အကွက်အမှတ်(၆၄၁)၊ ဦးပိုင်အမှတ်(၄၀-က)၊ ဧရိယာ(၀ ဒသမ ၀၁၄၈)ဧက အကျယ်အဝန်းရှိ ဦးစိုးလွင် အမည်ပေါက်ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်သည့် ဦးတင်ထွန်း (ဘ)ဦးဘချစ် (၉/မရတ(နိုင်)၀၆၇၁၃၈)နှင့် ဦးနေလင်းထွန်း (ဘ)ဦးတင်ထွန်း(၉/ခအဇ(နိုင်)၀၁၇၄၇၄)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝေစာအောင် (စဉ်-၅၄၃၂၉)**
**(အထက်တန်းရှေ့နေ)**
**၇၅လမ်း၊ ၃၇လမ်းနှင့်၃၈လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၉၇၅၃၀၃၇၈၄**

## အမှတ်တံဆိပ် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်နေ ဒေါ်ချိုအေး (ဘ)ဦးလှသော်(၈/ရစက(နိုင်)၀၄၈၄၆၂)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

THET CHO LWIN

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ချိုအေးသည် ပူးတွဲဖော်ပြပါ THE CHO LWIN အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင် အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(၂၄၇၃/၂၀၂၄)အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး THE CHO LWIN အမည်ဖြင့် စိန်ရွှေရတနာရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိရာ အများပြည်သူများ တစ်ခဲနက်အားပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ THE CHO LWIN အမှတ်တံဆိပ်ဖြင့် စိန်ရွှေရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ဒေါ်ချိုအေး၏ တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသည့် အမှတ်တံဆိပ် အမည်အမှတ်အသားဖြစ်ပါကြောင်း၊ အခြားမည်သူ တစ်ဦးတစ်ယောက်ကမျှ အဆိုပါ အမှတ်တံဆိပ် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ တုပပြုလုပ်ခြင်းတို့ကို မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက ဒေါ်ချိုအေး၏ လုပ်ငန်းအကျိုးစီးပွားနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာဆုံးရှုံးမှုအရပ်ရပ်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| | | | | |
|---|---|---|---|---|
| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဒေါ်မဥ္စုမြင့် |
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(အေ-၈)၊ ၃၁ လမ်း၊ လမ်း၇၀နှင့်၇၁လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်(၈၂၇)၌ တည်ရှိသော ဂရန်မြေအမျိုးအစား၊ မြေဦးပိုင်အမှတ်(၂၀)၊ မြေဧရိယာ(၀ ဒသမ ၀၈)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ရောင်းသူတို့၏ ဖခင် ဦးပြူး အမည်ပေါက်ပိုင်ဆိုင်ပါသည်။ ဦးပြူးသည် (၁၉၇၇)ခုနှစ်တွင် ကွယ်လွန်ခဲ့ပြီး ဇနီး ဒေါ်ခင်သည် (၁၉၉၀)ပြည့်နှစ်ခန့်က ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ အမွေစား အမွေခံအဖြစ် (သား)ဦးကျော်တင့်နှင့် (သား)ဦးမြသိန်းတို့နှစ်ဦး အမွေစား အမွေခံအဖြစ် ကျန်ရှိပါသည်။ ဦးကျော်တင့်သည် အသက် (၆၈)နှစ်အရွယ် (၃၀-၆-၂၀၁၅)ရက်တွင် ကွယ်လွန်သွားခဲ့သဖြင့် ညီအရင်းဖြစ်သူ ဦးမြသိန်း (အဘ/ဦးပြူး)(၉/မရတ(နိုင်) ၀၁၃၉၁၃)သည် အမွေစားအမွေခံအဖြစ် ကျန်ရှိကြောင်းကို ဝန်ခံကတိပြုပြီး ဦးပြူး အမည်ပေါက်ဂရန်မြေကွက်ထဲမှ တောင်ဘက်ခြမ်း၊ မူလဧရိယာ၏ တစ်ဝက်တိတိဖြစ်သော (၀ ဒသမ ၀၄)ဧက မြေကွက်နှင့် လူနေအဆောက်အအုံတစ်ခုတို့ကို အမွေဆက်ခံပိုင်ဆိုင်နေထိုင်လျက်ရှိကြောင်း ဝန်ခံကတိပြုကမ်းလှမ်းလာပါသည်။ ရောင်းသူ ဦးမြသိန်းမှ အရောင်းအဝယ်ကတိစကားရပ်များနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလာသဖြင့် တစ်ဖက်ဝယ်ယူ ဦးကျော်ကျော်လွင် (အဘ/ဦးရာထွန်း)(၅/မရန(နိုင်)၁၂၇၀၂၂)မှ ရောင်းသူ၏ ဝန်ခံကတိစကားရပ်များနှင့် အရောင်းအဝယ်ကတိစကားရပ်များကို လက်ခံယုံကြည်ပြီး အရောင်းအဝယ်စရန်ပေး ကတိစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။

ယင်းမြေကွက်နှင့်ပတ်သက်၍ တင်ပြကန့်ကွက်ရန်ရှိပါက ကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ရုံးခန်း တည်ရှိရာသို့ အထောက်အထား၊ စာချုပ်စာတမ်းမူရင်း၊ သက်ဆိုင်ရာ တရားရုံးတော်၏ စီရင်ချက်၊ ဒီကရီ၊ တာဝန်ခံမိတ္တူတို့ဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေနှင့်အညီ အရောင်းအဝယ်ကို အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ရောင်းသူ၊ ဝယ်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမောင်မောင်အေး(ခ)ကိုအေး**
**LL.B,D.B.L,C.A.B.S(Eco),D.B.S**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၂၉၂)**
**အကွက်(၅၅၂)၊ အောင်နန်းရိပ်သာအရှေ့၊ ၈၄လမ်း၊ ၃၄လမ်းနှင့်၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၉၆၆၅၄၃၃၂၅၊ ၀၉-၂၅၈၉၈၇၈၃၆**

## ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၉)၊ ဦးပိုင်အမှတ်(၁၉၂)၊ ဧရိယာ(၀ ဒသမ ၁၉၃)ဧက အကျယ်အဝန်းရှိ ဦးကျော်မြင့် အမည်ပေါက်ဂရန်မြေကွက်ကြီး၏ မြောက်ဘက်ခြမ်းပိုင်း ဧရိယာ (၀ ဒသမ ၁၂၉)ဧက/ အရှေ့မျက်နှာပွင့်(၅၅-ပေ)၊ အနောက်(၅၇-ပေ) တောင်မှမြောက်နှင့် အရှေ့မှအနောက်(၁၀၀-ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အုတ်တံတိုင်းပတ်လည်၊ တံခါးပေါက်၊ အစောင့်တဲ (၁)လုံး၊ လျှပ်စစ်အိမ်သုံးမီးမီတာ (၁)လုံး၊ အဝီစိတွင်း(ဆက်လက်နေထိုင်ပိုင်ဆိုင်အသုံးပြုခွင့်) သွယ်တန်းတပ်ဆင်ထားသောပစ္စည်းများ၊ ပေါက်ရောက်သစ်ပင် အပါအဝင် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့် အပြည့်အဝရှိပါသည်ဟု အဆိုပြုသူ ဦးအောင်ဇော် (ဘ)ဦးလှဖေ(၅/မရန(နိုင်)၀၁၈၉၈၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက တရားဝင်အပြီးအပိုင် လက်ရောက် လွှဲပြောင်းဝယ်ယူရန်အတွက် နှစ်ဦးနှစ်ဖက်သဘောတူ ရောင်းကြေးငွေတွင် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်ကိစ္စအား မည်သူမဆို ကန့်ကွက်လိုပါက မှန်ကန်ခိုင်လုံသော ပိုင်ဆိုင်မှု မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံတွင် ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ယခုအရောင်းအဝယ်ကိစ္စကို တည်ဆဲဥပဒေ၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဒေါ်သီသီအောင်(ဘဏ) | ဒေါ်ခင်မြမြ(ဘဏ) | ဒေါ်အေးသဇင်မောင် |
| (LL.B) | B.Sc,H.G.P,R,L,D.B.L and Dip in English | (LL.B,LL.M,D.B.L) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၄၅၆၄) | တရားလွှတ်တော်ရှေ့နေ(စဉ်-၃၃၇၀) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၈) |

**အမှတ်(၂)၊ ၈၆လမ်း၊ လမ်း၃၀နှင့်၃၁လမ်းကြား၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မထွက်နိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ခေါင်းဆောင်ဆိုသည်မှာ အကျင့်စာရိတ္တကောင်းရမည်၊ သမာသမတ်ရှိရမည်၊ လက်အောက်အပေါ် စိတ်ကောင်းစေတနာကောင်းရှိရမည့်အပြင် ကိုယ်ချင်းစာစိတ်နှင့် ကွပ်ကဲအုပ်ချုပ်သွားကြရမည်ဖြစ် ...

❖ အကျင့်စာရိတ္တကောင်းမွန်မှသာ လုပ်ဆောင်ပြုမူပြောဆိုချက်များ အောင်မြင်လာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ (၉) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာ



နေပြည်တော် ဩဂုတ် ၁၅

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ချင်းမိုင်မြို့၌ ကျင်းပမည့် (၉) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့တွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာမွန်းကိုး ဝီစစ်စတန့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (ယာပုံ)

သတင်းစဉ်

## တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ



နေပြည်တော် ဩဂုတ် ၁၅

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားကြသည်။


တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စမာကျားနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (ဝဲပုံ) သတင်းစဉ်

## ရောဝတီရိန်းဂျားကို အနိုင်ယူကာ နိုင်ပွဲ စတင်ရခဲ့သည့် Silver Stars အသင်း

Myanmar National League II 2024 အမှတ်ပေး ဘောလုံးပြိုင်ပွဲ(Week-4)ပွဲစဉ် တစ်ပွဲအဖြစ် ယနေ့ ညနေက ပဒုမ္မာကွင်း၌ ရောဝတီရိန်းဂျားအသင်းနှင့် Silver Stars အသင်းတို့ ကစားခဲ့ကြပြီး Silver Stars အသင်းက သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

Silver Stars အသင်းသည် ပွဲချိန် ၉ မိနစ်တွင် ဦးဆောင်ဂိုး စတင်ရခဲ့ပြီး အသင်းခေါင်းဆောင် ကျော်ဖြိုးဦးက သွင်းယူပေးခဲ့သည်။ ပွဲချိန် ၃၉ မိနစ်တွင် ရောဝတီရိန်းဂျားအသင်းမှ ချေပဂိုး ပြန်လည်ရခဲ့ပြီး ထိုက်သူဟန်က သွင်းယူပေးခဲ့သည်။ ပထမပိုင်းပြီးခါနီး ၄၃ မိနစ်တွင် Silver Stars အသင်းမှ ဒုတိယ ဦးဆောင်ဂိုး ထပ်မံရခဲ့ပြီး သက်ဝင်းထွန်းက သွင်းယူပေးခဲ့သည်။ ပထမပိုင်းအပြီးတွင် Silver Stars အသင်းက ၂-၁ ဂိုးဖြင့် ဦးဆောင်ခဲ့သည်။

ဒုတိယပိုင်း ပွဲချိန် ၅၄ မိနစ်တွင် ရောဝတီရိန်းဂျားအသင်းမှ ဒုတိယ ချေပဂိုး ပြန်လည်ရခဲ့ပြီး အသင်းခေါင်းဆောင် ဝေယံဖြိုးက သွင်းယူပေးခဲ့သည်။ ပွဲချိန် ၇၁ မိနစ်တွင် Silver Stars အသင်းမှ တတိယဦးဆောင်ဂိုး ထပ်မံရခဲ့ပြီး ကွင်းလယ်လူ ကျော်ဇေယျက အဝေးမှ ကန်သွင်းပေးခဲ့ခြင်းဖြစ်သည်။



လက်ကျန်မိနစ်များတွင် ရောဝတီရိန်းဂျားအသင်းမှ ချေပဂိုး ထပ်မံ မသွင်းနိုင်ခဲ့သည့် အတွက် Silver Stars အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရသွားခဲ့သည်။

(NGB)